# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၅၁)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရေး အစဉ်တစိုက် ကြိုးပမ်းလျက်ရှိရာ ကုလသမဂ္ဂကို အသုံးချပြီး ဖိအားပေးရန် ကြိုးစားလာ

# အမေရိကန်၏လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂအခြေခံမူများနှင့် ကိုက်ညီမှုမရှိ

# မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသောအဆိုမှာ ကြောင်းကျိုးခိုင်လုံမှုမရှိ၊ တစ်ဖက်သတ်စွပ်စွဲချက်သာဖြစ်

## နိုင်ငံတော်အစိုးရသည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိ ယင်းသို့အကောင်အထည်ဖော်ရာတွင် မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျဖော်ပြထား ဖိအားပေး၊ အကျပ်ကိုင်၊ ပိတ်ဆို့အရေးယူမှုများကြောင့် မူဝါဒများ ပြောင်းလဲကျင့်သုံးမည်မဟုတ်

နေပြည်တော် စက်တင်ဘာ ၁၈

**မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့၏ သဘောထား–**

၁။ ယနေ့အချိန်ကာလသည် ပြည်သူများလိုလားတောင့်တနေသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ်ထွန်းကားစေရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။ **နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရန်အတွက် လိုအပ်သောအခြေခံကောင်းများဖြစ်သည့် နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်မှုရရှိရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အသိပညာဗဟုသုတ ပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယနေ့အချိန်တွင် တိုးတက်မှုအများအပြားရရှိနေပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သောအခြေခံကောင်းများကို ခိုင်ခိုင်မာမာချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။** ထိုသို့ အခြေခံကောင်းများရရှိပြီးနောက် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ကာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပ လျက်ရှိနေပြီလည်းဖြစ်ပါသည်။ ထိုကဲ့သို့ တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေချိန်တွင် ရရှိထားပြီးဖြစ်သည့်အခြေအနေကောင်းများကို ပျက်ပြားအောင် ကြိုးပမ်းလုပ်ဆောင်မှုများလည်း ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။

၂။ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်း ကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာ စသည့်ပြဿနာများသည် ဒေသတွင်းမတည်ငြိမ်မှုကိုဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသားတောင်းဆိုခဲ့သည်ကို တွေ့ရပါသည်။ ထိုတင်ပြချက်ကို ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ(၁၀)မဲ၊ ကန့်ကွက်မဲ(၄)မဲ၊ ကြားနေမဲ(၁)မဲဖြင့် အတည်ပြုခဲ့ပြီးနောက် မြန်မာနိုင်ငံအခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့် ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

**ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော်သွားမည်**

**အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ယခင်ကနှင့်မတူဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပိုမိုရရှိစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ထားပြီးဖြစ်၊ ထို့ကြောင့် ထိုမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတို့နှင့်အတူ မယိမ်းမယိုင်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

# အေးချမ်းပျော်ရွှင် အောင်မြင်တိုးတက်ရေး ကျန်းမာသောပတ်ဝန်းကျင်ထူထောင်ပေး

အခြေခံပညာကျောင်းများတွင် "မိမိကျောင်း လှပရမည်၊ သန့်ရှင်းရမည်၊ စည်းကမ်းရှိရမည်"၊ "မိမိကျောင်း အရည်အသွေး မြင့်ရမည်၊ ပညာရည်ထူးချွန်ရမည်"၊ "အမျိုးသားကျန်းမာရေးအစ စာသင်ကျောင်းက"၊ "စည်းကမ်းစနစ်အစ စာသင်ခန်းက" စသည်ဖြင့် ဘက်စုံပညာဖွံ့ဖြိုးရေး၊ ကျောင်းကျန်းမာရေး ဆောင်ပုဒ်ကလေးများကို တွေ့မြင်နိုင်သည်။

ကလေးများ အေးချမ်းပျော်ရွှင် အောင်မြင်တိုးတက်ရေးအတွက် "ရေသန့်၊ လေသန့်၊ လက်သန့်၊ အစာသန့်၊ အိမ်သာသန့်"သော ကျန်းမာသည့် ပတ်ဝန်းကျင်သည် အခြေခံလိုအပ်ချက် ဖြစ်သည်။ ထို့ကြောင့် အမှိုက်ကင်းစင်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ရမည်။ သို့မှသာ ခြင်၊ ယင်ကင်းစင်နိုင်မည်။

အညစ်အကြေးများစွာ သယ်နိုင်စွမ်းရှိသည့် ယင်ကောင်ကို နှိမ်နင်းရေးအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်သရိုက်ကင်းစင်ရေးမှာ အထူးအရေးကြီးသည်။ သို့မှသာ ယင်ကြောင့်ဖြစ်ပေါ်ရသော အူရောင်ငန်းဖျား (တိုက်ဖွိုက်)၊ ဝမ်းကိုက်၊ အသည်းရောင်အသားဝါ၊ မျက်ခမ်းစပ်၊ ကာလဝမ်း၊ အဆုတ်နာ၊ ဝမ်းပျက်ဝမ်းလျှော၊ မျက်ခွံကြာဆူး၊ ဘာလီဘယ်လီ (Bali Belly) ရောဂါဘေးမှ ကင်းဝေးကြမည်ဖြစ်သည်။

တစ်ဖန် အေးဒီးစ်ခြင်ပုန်း ခြင်ကျားအမကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ အနိုဖလီခြင်မကြောင့် ငှက်ဖျား၊ အသားဝါ၊ ဘေလုံးကြီးရောဂါများ၊ ကျူးလက် ခြင်မကြောင့် ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါများ ဖြစ်တတ်သည်။

လူငယ်သည် အတုမြင်အတတ်သင် တတ်သူများဖြစ်ပေရာ ဆေးလိပ်ငွေ့ တစ်ဖွာတွင် အန္တရာယ်ဖြစ်စေသည့် နီကိုတင်းအဆိပ်အပါအဝင် ဓာတ်ဆိုးပေါင်း ၄၀၀၀ပါဝင်ကြောင်း၊ လူသားရှိ သွေးကြော မိုင်ပေါင်း ၇၅၀၀၀မှာ စီးကရက်တစ်လိပ်ကုန်အောင် သောက်တိုင်း တစ်ရာ့ငါးမိနစ်ကြာမျှ သွေးကြောများ ကျဉ်းသွားကြောင်း၊ ဆေးလိပ်ကြောင့် သွေးကြောကျဉ်း၊ ကင်ဆာ၊ အဆုတ်ပွ၊ နှလုံး၊ လေဖြတ်၊ သွေးတိုး၊ သားလျှော အပါအဝင် ရောဂါ၂၅မျိုး ဖြစ်နိုင်ကြောင်း၊ ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်ကို တဖြည်းဖြည်းအဆုံးစီရင်ခြင်း ဖြစ်ကြောင်း သိရှိစေရန် ဆွေးနွေးပညာပေးသွားရမည်ဖြစ်သည်။

အမှိုက်၊ ခြင်နှင့် ဆေးလိပ်ကင်းစင်သော ကျောင်းများ ထူထောင်ပေးခြင်းသည် နိုင်ငံ့သားကောင်း လူငယ်လူရွယ်အပေါင်းတို့ အေးချမ်းပျော်ရွှင် အောင်မြင်တိုးတက်ရေးအတွက် ကျန်းမာသော ပတ်ဝန်းကျင်ကို ထူထောင်ပေးခြင်းဖြစ်ရာ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်မှု အမျိုးသားရေးလုပ်ငန်းအဖြစ် မျှော်တွေးတွက်ဆ ဆောင်ရွက်သွားရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# စဉ့်ကူးမြို့ စိန္တာမုနိစေတီကြီးစေတီတော်ပူဇော်ပွဲ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူ

**ရန်ကုန် စက်တင်ဘာ ၁၈**

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဉ့်ကူးမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် စိန္တာမုနိစေတီကြီးစေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ (၂၅)ကြိမ်မြောက်(ငွေရတု)ဆီမီး၊ နံ့သာ၉၉၀၀ စီပူဇော်ပွဲနှင့် စဉ့်ကူးမြို့ရှိ ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ဒေသခံ ကျေးရွာများ၌ သီတင်းသုံးတော်မူနေကြသည့် ဝါဆိုသံဃာတော်၃၄၆ပါးနှင့် သီလရှင် ၁၄ ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း၊ ဆွမ်း၊ဆွမ်းဟင်း၊ ဖြူစင်မေတ္တာနှင့် မှန်ချိုတိုင်းရင်းဆေးဝါးများ လောင်းလှူပွဲကို ဩဂုတ်၂၉ရက်နှင့် ၃၀ရက်တို့တွင် အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပရာ ဩဂုတ်၂၉ရက် ညတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလှချောနှင့် ဆရာဆရာမများ၊ကျောင်းသားကျောင်းသူများက လှူဒါန်းသည့် ဆီမီး၊ နံ့သာ ၉၉၀၀စီကို စေတီတော်ကြီးအား ကပ်လှူပူဇော်ကြသည်။ အဆိုပါ ကပ်လှူပူဇော်ပွဲတွင် ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်က ကျေးဇူးတင်စကား ပြောကြားပြီး အဖွဲ့နာယကဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ အဖွဲ့ဝင် ဦးဝင်းနိုင်၊ ဦးသိန်းထွန်း၊ ဒေါ်အမာဆွေ၊ ဒေါ်ရီရီမြင့်၊ ဒေါ်ခင်ဝင်း၊ ဦးလှသိန်းနှင့် ဦးပေါ်လေးတို့က ဖဲကြိုးဖြတ်၍ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

### သီဆိုပူဇော်

ဆီမီးနံ့သာများဖြင့် ပူဇော်ရာတွင် ရေနံမြေပိုလ်ဝင်းဆိုင်းဝိုင်းကြီးနှင့် တွဲဖက်ကာ မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မိုးသူ ရေးစပ်သီကုံးသည့် "စိန္တာမုနိရွှေစေတီနှင့် ဆီမီး ၉၉၀၀"ခမ္ဘတေးကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသူများက သီဆိုပူဇော်ကြသည်။

ဩဂုတ်၃၀ရက် နံနက်ပိုင်းတွင် လေးထပ် ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ညောင်ဦးမြို့ ဂူကျောင်းဆရာတော် ဘဒ္ဒန္တ ဇာဂရ၊ ဆိပ်ဖြူမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ၊ ချောက်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌအဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ကောဝိဒ၊ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ဥက္ကံသ၊ မန္တလေးတိုင်း သံဃဝန်ဆောင် သိရီပဝရ၊ ဓမ္မာစရိယ၊ ဝိနိယပါဠိပါရဂူ စဉ့်ကူ ငါးဆူတိုက် ဆရာတော် ဘဒ္ဒန္တမဏ္ဍလ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စဉ့်ကူဆရာတော် ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်များနှင့် သီလရှင်များအား အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများက အရုဏ်မုန့်ဆွမ်းနှင့် အချိုပွဲတို့ဖြင့် ကပ်လှူကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယအဂ္ဂမဟာပဏ္ဍိတ ညောင်ဦးမြို့ ဂူကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြ၍ အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်တို့က ပူဇော်ပွဲနှင့် ဆွမ်းလောင်းပွဲ ကျင်းပရခြင်းတို့ကို လျှောက်ထားကြပြီး ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးအောင်နိုင်မြင့်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ကြီး ၁၁ ပါးတို့အား အင်းစိန်မြို့နယ် အ-ထ-က(၁)၊ အ-ထ-က(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အ-ထ-က (၂)နှင့် ဗားကရာ တောရသီလရှင်စာသင်တိုက်တို့မှ စုပေါင်းလှူဒါန်းသည့် ဆွမ်းဆန်တော်များနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းချ

ယင်းနောက် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး စေတီတော်ရင်ပြင်တော်၌ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးအောင်နိုင်မြင့်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်) နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွမ်းဆန်စိမ်း၊ ဆွမ်းဟင်း၊ ဆပ်ပြာ၊ တိုင်းရင်းဆေးဝါးများနှင့် ဒေသခံပြည်သူများက ဆွမ်းသပိတ်တို့ကို လောင်းလှူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ အလုံမြို့နယ် နံ့သာလမ်း အမှတ် ၄၀ နေ ဦးယူစိန်-ဒေါ်သန်းညွန့်မိသားစုတို့က ဦးယူစိန်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

■ **ကျောဖုံးမှ**

### အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည့် ၂၀၀၆ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

### ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက စာတတ်မြောက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် တိုင်းမှူးနှင့်ဇနီးတို့က ထူးချွန်ဆုရကျောင်းသားကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ ဧည့်သည်တော်များသည် စာတတ်မြောက်ရေးလှုပ်ရှားမှု ပိုစတာပြခန်းကို ကြည့်ရှု အားပေးကြသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်ကိုင်းမြို့သို့ သွားရောက်၍ စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် ဆီ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တာဝန်ရှိသူများနှင့်အတူ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ပစ္စည်းများ ဆွမ်းဆန်တော်နှင့်ဆီများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထံမှ အနုမောဒနာ တရားနာယူ၍ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါ အခမ်းအနားသို့ ဆရာတော်အပါး ၅၀၊ သီလရှင်ဆရာကြီး အပါး ၅၀နှင့် ကျောင်းတိုက်ပေါင်း ၆၄ ကျောင်းသို့ ဆွမ်းဆန်တော် အိတ် ၁၀၀၀၊ စားသုံးဆီ ၄၇၂ ပိဿာ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၉-၉-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၂၀ ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ ပညာခေတ်
- ၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၁၆)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း-၆)
- ၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၁၀)

**စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက် အောင်ပွဲဆက်**

# မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါတွင်ထည့်သွင်းခြင်းသည် လုံခြုံရေးကောင်စီက ၎င်း၏လုပ်ပိုင်ခွင့်ဘောင်မှ ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်

● ကျော်ဖုံးမှ

"The Movement reiterates its concern over the continuing encroachment by the Security Council on the functions and powers of the General Assembly and the Economic and Social Council through addressing issues which traditionally fall within the competence of the latter organs, and the attempts to enter the areas of norm-setting and establishing definitions which fall within the purview of the Assembly."

ထို့အပြင် လုံခြုံရေးကောင်စီဆိုင်ရာ ကဏ္ဍတွင် "နိုင်ငံအကြီး အကဲများနှင့် အစိုးရအကြီးအကဲများက လုံခြုံရေးကောင်စီအား ပဋိညာဉ်စာချုပ်(ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်)ကို လေးစားလိုက်နာရန် တောင်းဆိုကြောင်း၊ လုံခြုံရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်မှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ် စာချုပ်အပိုဒ်(၂၄)နှင့် ဆန့်ကျင်သည်"ဆိုသည့် စာပိုဒ်ကို အောက်ပါအတိုင်းထည့်သွင်းခဲ့ပါသည်–

"The Heads of State or Government

Calls upon the Security Council to uphold the primacy of and respect for the Charter in connection with its functions and powers and stresses once again that the decision by the Security Council to initiate formal or informal discussion on the situation in any Member State of the United Nations or any issue that does not constitute a threat to international peace and security is contrary to Article 24 of the Charter"

ထို့အပြင် ကျူးဘားနိုင်ငံက ဦးဆောင်ဦးရွက်ပြု၍လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မူဝါဒနှင့် အခန်းကဏ္ဍဆိုင်ရာ ကြေညာစာတမ်း၌ "လက်ရှိအစိုးရပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် (Regime change)ကြိုးပမ်းမှုများကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပယ်ချသည်"("Rejection of attempts at regime change") ဟူသည့် စာပိုဒ်ကို ထည့်သွင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျွန်းနှင့်ပျဉ်းကတိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း တိုးချဲ့စိုက်ပျိုးမည့် ကျွန်းပျိုးပင်ပေါက်များ ပြုစုပျိုးထောင်ထား လယ်ယာဖွံ့ဖြိုးရေးနှင့်စိမ်းလန်းစိုပြည်ရေးကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

**ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက မိုးကောင်းမြို့နယ် စီးတီးယန်ကျေးရွာသို့ သွားရောက်ရာ ကျေးရွာရှိ လုပ်ငန်းရှင်လင်းဆောင်၌ တနိုင်း–မိုးကောင်း–မြစ်ကြီးနားလမ်းပိုင်းရှိ စီးတီးယန်ကျေးရွာနှင့် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာနှင့် တပ်ကုန်းကျေးရွာများသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းပိုင်းရှိ လမ်းတံတားများ ပြန်လည်ဖောက်လုပ် တည်ဆောက်ပြီးစီးမှုများကို မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်ဟိန်းက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။**

<u>ကြည့်ရှုစစ်ဆေး</u>

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တနိုင်း–မိုးကောင်း–မြစ်ကြီးနားလမ်းပိုင်း၊ စီးတီးယန်–မြစ်ကြီးနားလမ်း ပြုပြင်ဖောက်လုပ်ထားရှိမှုနှင့် ချောင်းကူးတံတားများတည် ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေး–ရွှေဘို–မြစ်ကြီးနားလမ်းပိုင်း အနီး ရှဒေါင်ကျေးရွာရှိ လုပ်ငန်းရှင် ဦးလဆန်၏ ဧက ၁၂၀၀ ကျွန်းစိုက်ခင်းသို့ သွားရောက်ကာ ကျွန်းစိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ကျွန်းနှင့်ပျဉ်းကတိုးစိုက်ခင်းများကိုလည်းကောင်း၊ ထပ်မံ တိုးချဲ့စိုက်ပျိုးမည့် ကျွန်းပျိုးပင်ပေါက်များ ပြုစုပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ ဦးလဆန်၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လိုအပ်ချက်များ မှာကြားသည်။

**(သတင်းစဉ်)**



## ကျွန်းစိုက်ခင်းကြည့်ရှု

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ရှဒေါင်ကျေးရွာရှိ လုပ်ငန်းရှင် ဦးလဆန်၏ ကျွန်းစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## ထစ်ချုန်းမိုး

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်း

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးမြသိန်း(မိုးထက်မြင့်–မြစ်ဝကျွန်းပေါ်) အား ဂုဏ်ပြုပွဲနှင့်အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတို့ကို ယမန်နေ့တွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဘုန်းဝေ(ဒါရိုက်တာဘုန်းဝေ)၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေး(မောင်မောင်မြင့်အေး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က အမှာစကား ပြောကြားကြပြီး စတုတ္ထအကြိမ်စာပေညီလာခံ အတွေ့အကြုံများကို ညီလာခံကိုယ်စားလှယ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)က ရှင်းလင်းတင်ပြသည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က ပခုက္ကူ ဦးအုံးဖေ စာပေဆုရ ဦးမြသိန်း(မိုးထက်မြင့်–မြစ်ဝကျွန်းပေါ်)အား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဂုဏ်ပြုလက်ဆောင်ကိုပေးအပ်ပြီး မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးသန်းဦးက ၂၀၀၅–၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မောင်ဝေဘုန်းဦး(ဘ–ဦးဘုန်းဝေ)အား ဆုချီးမြှင့်သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်စကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘုံကထိန်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ၆/၁၀ရပ်ကွက်ရှိ ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာတွင် ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအာစိဏ္ဏ (ရွှေဘို) အားအမှူးထား၍ ဝါဆိုဝါကပ်သံဃာတော်များအား (၁၃)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်ပွဲကို အောက်တိုဘာ ၈ရက် တနင်္ဂနွေနေ့ နံနက်၇နာရီတွင် အဆိုပါသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်း၊ ဒွိစုံတစ်စုံကျပ်၂၀၀၀ ဖြစ်စေ၊ မိမိကြိုက်နှစ်သက်ရာသင်္ကန်းကို ဝယ်ယူ၍ဖြစ်စေ ငွေပဒေသာပင် တစ်ပင်ကျပ်၁၀၀၀၊ ထီး၊ ဖိနပ်၊ ဆေးဝါးစသည့် ပစ္စည်းကျပ်၁၀၀၀၊ သံဃာတော် တစ်ပါးဆွမ်းစရိတ်ကျပ် ၅၀၀ဖြင့် လှူဒါန်းလိုသူများသည် ညောင်ကန်အေးရွှေပြည်သာ သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ ဖုန်း– ၆၁၀၃၆၃၊ ဦးတင်ငွေ ဖုန်း–၆၁၀၉၄၇၊ ဦးတင်ဝင်း ဖုန်း– ၆၁၁၁၄၉နှင့် ဦးကျင်သောင်း၊ ဦးအေးမြင့် န၀ရတ်စျေးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝ၄၆)**

# နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် လိုအပ်သည့်အချက်များ

**မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာတွင် ကြိုတင်တင်ပြရန်လိုအပ်မည့် အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–**

**အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများ**

၁။ ကာယကံရှင်နှင့်အတူ မိဘ(သို့) အုပ်ထိန်းသူတစ်ဦး လာရောက်ရမည်။
၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူတစ်စောင်စီ။
၃။ ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီး ဇယားပါရှိရမည်။)
၄။ အသက်အတွက် ကျောင်းထောက်ခံချက်(သို့) မွေးစာရင်း မူရင်းနှင့်မိတ္တူ။
၅။ မိဘနှစ်ပါး၏နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့်မိတ္တူ။
၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း။
၇။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာရယက၏ ထောက်ခံချက်။
၈။ တစ်လက်မXတစ်လက်မအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ)။

**မှတ်ချက်။ နိုင်ငံသားအရည်အချင်းပြည့်မီသူမှန်လျှင် လျှောက်ထားသည့်ရက်မှ ၂၈ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ချုပ်၊ လဝက၊ နေပြည်တော်သို့ စာဖြင့်ရေးသားတိုင်ကြားနိုင်ပါသည်။**

**အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပါရှိရမည့်စာရွက်စာတမ်းများ**

၁။ ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။
၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူတစ်စောင်စီ။
၃။ ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီး ဇယားပါရှိရမည်။)
၄။ အသက်အတွက် ကျောင်းထောက်ခံချက်(သို့) မွေးစာရင်း မူရင်းနှင့် မိတ္တူ။
၅။ မိဘနှစ်ပါး၏နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူ။
၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း။
၇။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာရယက၏ ထောက်ခံချက်။
၈။ တစ်လက်မXတစ်လက်မအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ)။



# ဈေးဟောင်းဘောက်စ်ဝက်ဂွန်ကားများ ခတ္တမန္ဒူမြို့၌ တန်ဖိုးထားအသုံးပြုနေကြဆဲဖြစ်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၈**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ရှေးဟောင်းဘောက်စ်ဝက်ဂွန်ကားများ တန်းစီလှည့်လည်မောင်းနှင်ပြသနေသည်ကို စက်တင်ဘာ ၁၇ ရက်က တွေ့မြင်ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

**စီတန်းမောင်းနှင်**

အဆိုပါ ဘောက်စ်ဝက်ဂွန်ကားများသည် ကားအစီးပေါင်း ၁၂၀ပါဝင် စီတန်းမောင်းနှင်ခဲ့ရာ အဆိုပါကားများမှာ ၁၉၅၄ ခုနှစ်နှင့် ၁၉၇၇ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ကားများဖြစ်သည်။

**တန်ဖိုးထား**

ယခုအခါ ခတ္တမန္ဒူမြို့၌ ခေတ်ပေါ်ကားများ ဆန်းသစ်ပေါ်ထွက်လာနေသော်လည်း ခတ္တမန္ဒူ မြို့သူမြို့သားများက အဆိုပါ ရှေးဟောင်းကားများကို တန်ဖိုးထား စီးနေကြဆဲဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# အာရှဒေသတွင် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ဩစတြေးလျက ဒေါ်လာ ၁၅သန်းကျော် ကူညီမည်

ကင်ဘာရာ စက်တင်ဘာ ၁၈

**အာရှဒေသ၌ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးအတွက် လာမည့်ငါးနှစ်ကျော် ကာလတွင် အမေရိကန်ဒေါ်လာ ၁၅ဒသမ ၈သန်းကို ဩစတြေးလျနိုင်ငံက ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဩစတြေးလျ အစိုးရက စက်တင်ဘာ ၁၅ရက်၌ ပြောကြားလိုက်သည်။**

ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဩစတြေးလျအစိုးရ၏ ပင်လယ်ရပ်ခြားအကူအညီပေးရေး အေဂျင်စီက အဆိုပါငွေကြေးအကူအညီကို ပေးမည်ဖြစ်ကြောင်း ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာနှင့် တရားရေး ဝန်ကြီး ခရစ်အီလီဆင်တို့ ပူးတွဲ ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ အကူအညီပေးရာတွင် လူမှောင်ခိုကူးသူများကို နှိမ်နင်းရေး၊ လူမှောင်ခိုကူးခံရသူများအား အကာအကွယ်ပေးမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအစိုးရများအား အကူအညီပေးမှုနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုတို့၌ဖြစ်ကြောင်း ၎င်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

**သင်တန်းပေး**

ထို့အပြင် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးအဖွဲ့များအတွက် အထူးကျွမ်းကျင်သူများ ဖြစ်လာစေရန် အကြံဉာဏ်ပေးမှုနှင့် လေ့ကျင့်သင်တန်းပေးမှုများကိုလည်း ဩစတြေးလျ နိုင်ငံက ကူညီဖြည့်ဆည်းပေးသွားမည်ဟု ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒား ဒေါင်နာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ကာဇက်စတန်ရှိ ဘိုကိုနော အာကာသယာဉ် လွှတ်တင်ရေး စခန်းမှ ဆိုယုဇ်တီအမ်အေ-၉ အာကာသယာဉ်ကို စက်တင်ဘာ ၁၈ရက်၌ လွှတ်တင်လိုက်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# တရားမဝင်ဝက်ဘ်ဆိုက် ၃၂၀ကျော် တရုတ်နိုင်ငံ၌ ပိတ်သိမ်းခဲ့

ပေကျင်း စက်တင်ဘာ ၁၈

**တရုတ်ရဲတပ်ဖွဲ့ အာဏာပိုင်များသည် ဥပဒေနှင့်ဆန့်ကျင်သော ဝက်ဘ်ဆိုက်နှင့် အင်တာနက်လိုင်း ၃၂၀ကျော် အပြီးပိတ်သိမ်းလိုက်ပြီး အင်တာနက်မှ အန္တရာယ်ရှိသော သတင်းအချက်အလက် ၁၅၀၀၀ကို စက်တင်ဘာ ၆ ရက်မှ ၈ရက်အထိ ပယ်ဖျက်လိုက်သည်။**

အပြီးပိတ်သိမ်းလိုက်သည့် ဝက်ဘ်ဆိုက်များတွင် လောင်းကစား သတင်း ဖြန့်ချိခြင်း၊ လောင်းကစားခြင်း၊ လက်နက်ရောင်းချခြင်း၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ခိုးနားထောင်သော နားကြပ်ကိရိယာနှင့် မေ့ဆေး၊ ထုံဆေးများ သို့မဟုတ် အွန်လိုင်း အသုံးပြု၍ လိမ်လည်မှုနှင့် ခိုးယူမှုများ အသုံးပြုသည့် ဝက်ဘ်ဆိုက်များ ပါဝင်ကြောင်း ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန၏ တာဝန်ရှိသူက ပြောကြားခဲ့သည်။

**ပြောကြား**

ရဲအာဏာပိုင်များသည် အနာဂတ်တွင် အင်တာနက်အတွင်းသန့်စင်စေရန် အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန၏ တာဝန်ရှိသူက ပြောကြားခဲ့သည်။

**ပေးပို့**

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက နိုင်ငံသားများအတွက် အန္တရာယ်ရှိသော ဝက်ဘ်ဆိုက်နှင့် အင်တာနက် သတင်းအချက်အလက်သဲလွန်စများ သတင်းပေးပို့ရန် စက်တင်ဘာ ၁၅ ရက်က(www.cyberpolice.com) ဝက်ဘ်ဆိုက်တစ်ခုကို တင်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား၌ ၆ဒသမ ၂ရှိ ငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၆ရက်က ရစ်ချ်တာစကေး ၆ဒသမ၂ရှိသော အင်အားပြင်း ငလျင်တစ်ခုလှုပ်သွားကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာ ရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု မရှိကြောင်း ဗီယက်နမ် မိုးလေဝသနှင့် ဇလဗေဒဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ငလျင်သည် အမ်ဘွန်စီးတီး၏ အရှေ့မြောက်ဘက် ၁၇၇ ကီလိုမီတာအကွာ စီရမ်ကျွန်းကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၊ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၁၆ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း အီရတ် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ပြောကြားသည်။

**ပေါက်ကွဲ**

အီရတ်တပ်ဖွဲ့ဝင်များသည် နံနက် ၉ နာရီကျော်က အယ်လ်တာလီ ပန်းခြံအနီးရှိ သံသယရှိသည့် ကားတစ်စီးအနီး ချဉ်းကပ်သွားစဉ် ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။

**ပြောကြား**

ကားတစ်စီးအတွင်း သေနတ်ဒဏ်ရာများဖြင့်သေဆုံးနေသူ ရှိသည်ဟု သတင်းပေးချက်အရ ယင်းကားရှိရာသို့ သွားရောက်စစ်ဆေးရာ ကားဆီသို့ အရောက်တွင် ဗုံးပေါက်ကွဲခြင်း ဖြစ်ကြောင်း၊ အီရတ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာ ရရှိသွားကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

ယင်းနေ့စောစောပိုင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သော သတင်းများအရ ဘဂ္ဂဒက်မြို့အတွင်း လူသေ ၄၇ လောင်းကို အီရတ်ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများထားရှိမှု အီးယူ ပြစ်တင်ရှုတ်ချ

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၈**

အကြမ်းဖက်သမားများဟု မသင်္ကာသူများကို ထိန်းသိမ်းသည့် စီအိုင်အေ လျှို့ဝှက်ပြည်ပအကျဉ်းစခန်းများ ထားရှိမှုနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ(အီးယူ)က စက်တင်ဘာ ၁၅ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

လျှို့ဝှက်အကျဉ်းစခန်းများ ထားရှိခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်ပြီး လူ့ကျင့်ဝတ်နှင့် မကိုက်ညီသည့်ပြင် ပြည်သူတို့၏ အားပေးထောက်ခံမှုရရှိရေး မည်သည့် မဟာဗျူဟာ၌မဆို အကျိုးမပြုကြောင်း အီးယူတန်ပြန် အကြမ်းဖက်မှုညှိနှိုင်းရေးမှူး ဒီဗရီးက စက်တင်ဘာ ၁၅ ရက်တွင် ဝေဖန်ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



# ဂျပန်နိုင်ငံ၌ မုန်တိုင်းကြောင့် ရထားတိမ်းမှောက်

တိုကျို စက်တင်ဘာ ၁၈

**ဂျပန်နိုင်ငံ ကျူရှူးကျွန်းအနောက်တောင်ပိုင်း နိုဘီအိုကာမြို့၌ စက်တင်ဘာ၁၇ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဝေးပြေးရထား တစ်စင်း တိမ်းမှောက်ခဲ့သည်။** (ဝဲပုံ)

**အဆိုပါ ဒေသသို့ ရှန်ရှန် အမည်ရှိ မုန်တိုင်းသည် စက်တင်ဘာ ၁၇ရက်က ဝင်ရောက်ခဲ့ရာ လူကိုးဦး သေဆုံးခဲ့သည်ဟုဆိုသည်။**

(အင်တာနက်)

19-9 (04) 1 9/19/06, 2:56 AM



ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ နစ်ဆန်းကုမ္ပဏီက ထုတ်လုပ်သည့် ယာဉ်အန္တရာယ်သိမြင်နိုင်သော ကိရိယာလေးတစ်ခု မော်တော်ယာဉ်တွင် တပ်ဆင်ထားသည်ကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အစ္စရေးတပ်ဖွဲ့ဝင် အများအပြား လက်ဘနွန်တောင်ပိုင်းမှ ဆုတ်ခွာပြီးစီး

ဂျေရုဆလင် စက်တင်ဘာ ၁၈

**အစ္စရေးတပ်ဖွဲ့ဝင်များက ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များအား လွှဲအပ်လျက် ဟစ်ဇ်ဘိုလာ ပြောက်ကျားများအား ထိုးစစ်ဆင်တိုက်ခိုက်စဉ်က သိမ်းယူခဲ့သော လက်ဘနွန်နယ်မြေစဝရာခိုင်နှုန်းကျော်မှ ရုပ်သိမ်းပေးလိုက်ပြီဖြစ်ကြောင်း အစ္စရေးစစ်ဘက်က တနင်္ဂနွေနေ့တွင် ကြေညာသည်။**

စက်တင်ဘာ ၂၄ရက် ရဟူဒီနှစ်သစ်ကူးအမီ လက်ဘနွန်တောင်ပိုင်းမှ အစ္စရေးတပ်ဖွဲ့ဝင်များ အပြီးရုပ်သိမ်းပေးနိုင်မည်ဟု မျှော်လင့်ကြောင်း အစ္စရေးထိပ်တန်း စစ်တပ်အရာရှိများ၏ ပြောကြားချက်တွင် မီဒီယာများက ကိုးကားဖော်ပြသည်။

**ဖြန့်ကြက်နိုင်**

သို့သော် အစ္စရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးသည် လက်ဘနွန်တောင်ပိုင်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ဖြန့်ကြက်နိုင်မှု အပေါ်တွင် မူတည်ကြောင်း အစ္စရေး စစ်ဘက်က ပြောဆိုသည်။

**ရုပ်သိမ်း**

လက်ဘနွန်တောင်ပိုင်းမှ အပြီးအပိုင် ရုပ်သိမ်းရမည့်ရက် သတ်မှတ်မပေးကြောင်း၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ် ဖြန့်ကြက်မှုအပေါ်တွင် မူတည်ကြောင်း၊ သို့သော် မိမိတို့သည် အမြန်ဆုံးဆုတ်ခွာပေးရန် ဆန္ဒရှိကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဘယ်လ်ဂျီယံ၌ ရထားနှစ်စင်းတိုက်မိ

**ဘရပ်ဆဲလ် စက်တင်ဘာ ၁၈**

ဘယ်လ်ဂျီယံ ခရီးသည်တင်ရထားနှင့် စာပို့ရထား နှစ်စင်းသည် ဘူဂတ်မြို့ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၅ရက်၌ တိုက်မိရာ ခရီးသည်အချို့ ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း မီးရထားတာဝန်ရှိသူက ပြောကြားခဲ့သည်။

ရထားနှစ်စင်းသည် မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်တွင်တိုက်မိရာ ခရီးသည်သုံးဦးကို ဆေးရုံသို့ တင်ပို့ရကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာ စိုးရိမ်စရာမရှိကြောင်း မီးသတ် တာဝန်ရှိသူက ပြောကြားခဲ့သည်။

**အရှိန်**

မီးရထားသည် အရှိန်နှေးနှေးနှင့် မောင်းနှင်ခြင်းဖြစ်ကြောင်း ဘယ်ဂျီယံ ရထားကုမ္ပဏီ(အက်စ်အင်န်စီဘီ)မှတာဝန်ရှိသူက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# ဂျပန်နိုင်ငံသားတစ်ဦး လော့စ်အိန်ဂျလိစ်၌ပျောက်ဆုံး

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၈**

တေးဂီတဆိုင်ရာ ဓာတ်ပုံများ ရိုက်ကူးရန်အတွက် လော့စ်အိန်ဂျလိစ်သို့ရောက်ရှိလာသည့် ဂျပန်ဓာတ်ပုံဆရာတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အသက် ၂၉ နှစ်အရွယ် ဂိုမာဆူဒါအမည်ရှိ ဂျပန်နိုင်ငံသားတစ်ဦးသည် စက်တင်ဘာ ၃ ရက်က လော့စ်အိန်ဂျလိစ်မြို့ပြင်ရှိ အဝေးပြောတယ်လီဖုန်းတစ်ခု၌ ထိုနေ့နံနက် ၇ နာရီ ၅၅ မိနစ်က တယ်လီဖုန်းပြောဆိုမှုပြုလုပ်ခဲ့ကြောင်း လော့စ်အိန်ဂျလိစ်မြို့ ရဲတပ်ဖွဲ့ဌာန၏ လူပျောက်ဆုံးမှုဌာနခွဲမှ ပြောကြားသည်။

ဂိုမာဆူဒါသည် လော့စ်အိန်ဂျလိစ်မြို့သို့ စက်တင်ဘာ ၁ ရက်က ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ဓာတ်ပုံရိုက်ကူးမှုပြီးလျှင် စက်တင်ဘာ ၄ ရက်၌ ဂျပန်နိုင်ငံသို့ပြန်ရန် စီစဉ်ထားသူဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်တွင် ကုန်ထုတ်လုပ်မှုကျဆင်း

ဝါရှင်တန် စက်တင်ဘာ ၁၈

**အမေရိကန်နိုင်ငံ၏ စက်မှုလုပ်ငန်းများမှထုတ်လုပ်မှုသည်ပြီးခဲ့သည့် ဩဂုတ်လက ၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အမေရိကန်သုတေသနဌာနက စက်တင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။**

**ဝေဖန်သုံးသပ်**

ထိုသို့ ထုတ်လုပ်မှုအနည်းငယ်ကျဆင်းရခြင်းမှာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများနှင့် သတ္တုလုပ်ငန်းမှ ထွက်ကုန်များ လျော့နည်းခဲ့၍ဖြစ်ကြောင်း၊ ယခုလ၌လည်း ၀ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းဖွယ်ရှိကြောင်း ဝေဖန်သုံးသပ်သူများက ပြောကြားသည်။

**ထုတ်ပြန်**

အခြေခံ အဆောက်အအုံကဏ္ဍမှ တိုးတက်မှု အနေအထားမရှိဘဲ ယခင်အတိုင်းတည်ရှိနေကြောင်း အမေရိကန်သုတေသနဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများ၌ ဖော်ပြထားသည်။

**တိုးမြှင့်လာဖွယ်**

အမေရိကန်နိုင်ငံတွင် အပူချိန်မြင့်မားနေလျက်ရှိရာ အပူချိန် ပုံမှန်ပြန်ဖြစ်ခဲ့လျှင် လာမည့်လများ၌ ထုတ်လုပ်မှုအနေအထား တိုးမြှင့်လာဖွယ်ရှိသည်ဟု ဝေဖန်ဆန်းစစ်သူများက သုံးသပ်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်ပင်လယ်၌ လျှော်ချင်လှုပ်

**ဟောင်ကောင် စက်တင်ဘာ ၁၈**

ဂျပန်ပင်လယ်ပြင်ကို ဗဟိုပြုလျက် မြေလျှင်တစ်ခု စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီ ၂၉မိနစ်က လှုပ်ခတ်သွားကြောင်း ယင်းငလျင်မှာ ပြင်းအား ၅ဒသမ၉ရစ်ချ်တာ စကေးရှိကြောင်း ဟောင်ကောင် မိုးလေဝသက ကြေညာသည်။

ယင်းငလျင်သည် မြောက်လတ္တီတွဒ် ၄၁ ဒသမ၄နှင့် အရှေ့လောင်ဂျီတွဒ် ၁၃၅ ဒသမ၇ တို့အကြား ဂျပန်နိုင်ငံ ဆပ်ပိုရိုဒေသ၏ အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀အကွာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ရှန်ဟိုင်းတွင် လူ ၃၀၀ကျော် အစာအဆိပ်သင့်

**ရှန်ဟိုင်း စက်တင်ဘာ ၁၈**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ဝက်သားစားမိရာမှ လူ ၃၀၀ ကျော် အစာဆိပ်သင့်ခဲ့ရကြောင်း မြို့မြူနီစီပယ်အာဏာပိုင်များက စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ကြေညာသည်။

**ဆေးရုံတက်နေကြဆဲ**

လူပေါင်း ၂၇၈ ဦးသည် အဆိုပါ ဝက်သားစားမိကြ၍ ပူဒေါင်းရှိ ဆေးရုံသို့ တင်လိုက်ရကြောင်း၊ သို့သော်လည်း ဒေသဆိုင်ရာ ဆေးရုံငါးရုံမှ အားလုံးနီးပါး ဆေးရုံက ဆင်းသွားပြီဖြစ်ကြောင်း၊ တစ်ဒါဇင်ခန့်ဆေးရုံတက်နေကြဆဲဖြစ်ကြောင်း အဆိုပါ ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ဝက်သားစားမိကြ၍ နာမကျန်းသူများသည် ဝက်အသည်းနှင့် ဝက်ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို စားသုံးခဲ့ကြသည်ဟု ဆိုသည်။

**စစ်ဆေးနေဆဲ**

ပူဒေါင်းအစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့က အဆိုပါ လူနာများ၏ သွေးနမူနာများထုတ်ယူလျက် ရောဂါဖြစ်ပွားရခြင်း အကြောင်းကို စစ်ဆေးနေဆဲဖြစ်သည်။

ထိုလူနာများထဲမှ လူနာ ၁၂၈ဦးမှာ ကင်တင်း၌ နေ့လယ်စာစားသုံးစဉ် အဆိုပါ ဝက်သားများကို စားသုံးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ရွှေဖြင့်ပြုလုပ်ထားသည့် လမုန့်

**ရွှေအစစ်ဖြင့်ပြုလုပ်ထားသော လမုန့်များကို တရုတ်အမျိုးသမီးက ပြသနေစဉ်။**

(အောက်ပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ်အရှေ့ပိုင်း ကျိနန်မြို့တွင် ရွှေအစစ်ဖြင့် ပြုလုပ်ထားသော လမုန့်များကို ရောင်းချလျက်ရှိသည်။ ၎င်းရွှေလမုန့်များသည် အလေးချိန် ၁၀ ဂရမ်မှ ၃၀ ဂရမ်အထိ အရွယ်အစား အမျိုးမျိုးရှိကြောင်း သိရသည်။ **(အင်တာနက်)**





## ရေခဲပြင်တွင် အချိန်အတန်ကြာ ဇောက်ထိုးနေသူ

**ရေခဲပြင်ပေါ်၌ အချိန်အတန်ကြာ ဇောက်ထိုးနေကာ အစွမ်းပြသူတစ်ဦးကို တွေ့ရစဉ်။** (အပေါ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ကနေဒါနိုင်ငံသား ဂါရီ ဘေကွန်ဆိုသူ အမျိုးသားတစ်ဦးက တစ်ဦးချင်းစွမ်းရည်ပြပွဲတွင် ရေခဲပြင်ပေါ်၌ လက် မထောက်ဘဲ ဇောက်ထိုးအနေအထားဖြင့် အချိန်အတန်ကြာ နေကာ စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



စက်တင်ဘာ ၂ရက်က ပဲခူးတိုင်း(အနောက်) ပြည်ခရိုင် ရွှေတောင်မြို့ရှိ ရေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ ဂန္ဓကုဋိတိုက် ဘုံနန်းပြာသာဒ် တည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် အလှူရှင် (ဦးကစ္စနား-ဒေါ်ကမ္မလာ) တို့အားရည်စူး၍ သားသမီး မြေးများဖြစ်သော ရန်ကုန်မြို့နေ ဦးရာဂျူး (ခ) ဦးလှဝင်း-ဒေါ်ကြည်ကြည်ဝင်းမိသားစုတို့က ငွေကျပ် သိန်း၃၀ကို ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းဖော်ပြပြီး) (သတင်းစဉ်)

## လယ်တီ မဟာသရဏဂုံတော်ကြီး သင်တန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ လယ်တီ မဟာသရဏဂုံတော်ကြီး ရိုးရိုးတန်းသုံးဆင့်နှင့် ဂုဏ်ထူးတန်းနှစ်ဆင့် သင်တန်းများကို စက်တင်ဘာ ၃၀ ရက်(စနေနေ့)တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ တိုက်အမှတ် ၁၇၄/၁၇၆ လမ်း၅၀ ပုဇွန်တောင်မြို့နယ်နေ ဦးအုန်းတင့်နှင့် သားသမီးဖြစ်ကြသော မဖြူဖြူတင့်၊ မအေးအေးတင့်၊ မောင်မောင်တင့်နှင့် မသင်းသင်းတို့ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## လုပ်ငန်းခွင်ဆက်သွယ်ရေး ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော်ကျင်းပသည့် လုပ်ငန်းခွင် ဆက်သွယ်ရေးကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပတ်(ခ်)ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး IAI Unit မှ Technical Officer (Project), Ms. Chandrasa Edhityas Sjamsudin က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ Polytechnic မှ သင်တန်းဆရာ Ms. Oringa Vathanasin နှင့် Ms. Evelyn Teresa Louis တို့က မိတ်ဆက်စကားပြောကြားကြ၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### တက်ရောက်

သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသားအရာရှိ ၂၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၀ ရက်အထိ ဖြစ်သည်။

### တာဝန်ယူဆောင်ရွက်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှုတည်ဆောက်ရေး သင်တန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏အစီအစဉ်ဖြင့် သင်တန်းငါးခုကို ကျင်းပပြီးစီးခဲ့ကာ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် နောက်ထပ် သင်တန်းလေးခုကိုလည်း ၂၀၀၆ခုနှစ်အတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ဖခင် ဦးခင်မောင် နှစ်နှစ်ပြည့်၊ ညီမ မမြင့်မြင့်ဆွေ (အမှတ်-၂၊ သတ္တုတွင်း) တစ်နှစ်ပြည့်အား ရည်စူး၍ တိုက် ၃၄၃ အခန်း ၂၄ အနောက်ရန်ကင်း ရန်ကုန်မြို့နေ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်အေးမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## The Commerce Journal အတွဲ (၆) အမှတ် (၁၇) ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၈**

The Commerce Journal အတွဲ(၆) အမှတ်(၁၇)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် ပြည်ပနို့ဆီ၊ နို့စိမ်း၊ နို့မှုန့်ဈေးနှုန်း မြင့်မားအောင် ကုန်သည်တချို့ ဖန်တီး၊ ဈေးကောင်းရ၍ မိုးကြက်သွန် စောစီးစွာစိုက်ပျိုး၊ ကြက်သွန်နီအသင်းကြီး ကြက်သွန်နီဈေးနှုန်း တည်ငြိမ်ရန်ကြိုးပမ်း၊ မြန်မာနိုင်ငံသားဘဏ်တွင် e-Payment System အတွက် ငွေစာရင်းများဖွင့်လှစ်နေ၊ မြန်မာ့နယ်စပ်ကုန်သွယ်မှုသတင်းများအပြင်၊ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာ (မောင်စူးစမ်း)၊ ကျွန်တော် ကျောင်းဆရာ(အောင်သင်း)၊ အိန္ဒိယ စီးပွားဖွံ့ဖြိုးမှု ခြေရာကောက် (ဦးဟန်ထွန်း)၊ ဇရာကိုအံတုမည့် သုတေသနလုပ်ငန်းများ (မောင်ပုဆိုးကြမ်း)၊ ကုန်အမှတ်တံဆိပ် (ဦးမေဒင်)၊ ကော်တလာပြောတဲ့ မားကက်တင်း(ဟံသာထွန်း)၊ အောင်မြင်ချမ်းသာနည်း ၁၀၀(ကြည်ရွှန်း)၊ မြန်မာ့ရိုးရာ အမည်ဟောကိန်း (စံဇာဏီဘို)၊ အစားအစာဘေးကင်းရေးနှင့် သန့်ရှင်းရေးထိန်းချုပ်မှုစနစ် (ယုယမေ)၊ လူတိုင်းကျန်းမာဖို့ နေ့စဉ် သစ်သီးဝလံ ဟင်းသီးဟင်းရွက်ငါးမျိုး စားကြစို့(အေးမြင့်ဦး)၊ ကမ္ဘာ့ရွှေဈေး(ကိုတိုး)စသည့် သုတရသစုံ ဆောင်းပါးများ၊ ပြည်တွင်း ပြည်ပ ကုန်ဈေးနှုန်းသတင်းများ၊ ဖက်ရှင်၊ ဟာသသတင်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ ရွာဦး စန္ဒာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရိက **“သရဏဂုံသုံးပါး ရင်ဝယ်ပိုက်ထား အပါယ်မလားတရားတော်”**ကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့်ဟောကြားတော်မူမည်ဖြစ်သည်။ **(သတင်းစဉ်)**

## MRTV - 4 ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၉-၂၀၀၆(အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် | ၉း၄၅ | ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု(မီမီဝင်းဖေ) |
| ၇း၀၅ | အာဟာရနှင့် ကျန်းမာရေး (အပိုင်း-၁) | ၁၀း၁၀ | တေးဂီတအစီအစဉ် |
| ၇း၁၅ | တေးဂီတအစီအစဉ် | ၁၀း၁၅ | ယဉ်ကျေးမှုတက္ကသိုလ် (ပန်းပုပညာဌာန) |
| ၇း၂၀ | ပြည်တွင်းသတင်းအကျဉ်း | ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | Sunday Talk | ၁၀း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၂၀ | တေးဂီတအစီအစဉ် | ၁၀း၄၀ | လင်းလက်နေဆဲကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့် တင်တင်စိန်) |
| ၈း၂၅ | မြင်ကွင်းများစွာကြည်လင်စေဖို့ | ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၈း၄၅ | အကပြိုင်ပွဲ | ၁၀း၅၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈း၅၀ | မိုးလေဝသခန့်မှန်းချက် | ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၈း၅၅ | နိုင်ငံတကာအနုပညာရေးရာ | ၁၁း၂၀ | တန်ဖိုး(ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) |
| ၉း၁၅ | တေးဂီတအစီအစဉ် | ၁၁း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၂၀ | မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၂) | ၁၁း၃၀ | ပဒုမ္မာဆပ်ပြာစက်ရုံ ပေါင်မြို့နယ်၊သထုံခရိုင်) |
| ၉း၄၀ | နိုင်ငံတကာသတင်းအကျဉ်း | ၁၁း၄၀ | တေးဂီတအစီအစဉ် |
| | | ၁၁း၄၅ | MRTV-4 စာအုပ်စင်ကဏ္ဍ [မောင်စိန်ဝင်း(ပုတီးကုန်း)] |
| | | ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



## ဆုချီးမြှင့်

**စက်တင်ဘာ၁၆ရက်က အထက (၄) သာကေတ၌ ကျင်းပသည့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မဆုမြတ်စန္ဒီအောင်အား ကျောင်းအုပ်ဆရာကြီး ဦးအောင်ဖြိုးက ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ အောက်တိုဘာ ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

(၂၁၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ အောက်တိုဘာ ၁ရက် နံနက် ၈နာရီမှစ၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

### ဆုမဲများ

ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၃၁ဆု၊ ငွေကျပ်ဆယ်သိန်း ၄၆၄ဆု၊ ငွေကျပ်ငါးသိန်းဆု ၂၀၊ ငွေကျပ်လေးသိန်း ၂၅ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၄၄၀၊ ငွေကျပ်ရှစ်သောင်း ၆၃ဆု၊ ငွေကျပ်လေးသောင်းဆု ၁၀၀၊ ငွေကျပ်နှစ်သောင်း ၁၄၉၃၄ဆု စုစုပေါင်း ၁၇၂၆၉ဆု ဖြစ်သည်။

(၂၁၃)ကြိမ်မြောက် ငွေကျပ် ၁၀၀တန်ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၉ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

# ဒေသဝမ်းစာဖူလုံရေး မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် တက်ညီလက်ညီကြိုးပမ်း စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းအကောင်အထည်ဖော်

နေပြည်တော် စက်တင်ဘာ ၁၈

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၁၅/၂၀၀၆) အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၄၃/၂၀၀၆)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၄/၂၀၀၆)နှင့် အချက်အပြုတ်သင်တန်းအမှတ်စဉ်(၃/၂၀၀၆) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။**

## ရင်းရင်းနှီးနှီး

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တာဝန်ရှိသူများနှင့်အတူ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းများကို ဒီဇင်ဘာ ၈ ရက်အထိ ရက်သတ္တပတ် ၁၄ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များမှ ဒေသခံ တိုင်းရင်းသူ ၃၀ တက်ရောက်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်ကျိုင်းတုံမြို့ စပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၅/၂၀၀၆)တက်ရောက်၍ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေး၊ မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် တက်ရောက်လာကြသူများက စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများကို လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို အသီးသီး ရှင်းလင်းဆွေးနွေး တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၂၀၀၆-၂၀၀၇ ခုနှစ်၌ မိုးစပါး ၃၄၄၃၇၁ ဧကစိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက်အထိ မိုးစပါး ၃၄၄၈၈၄ ဧက ထွန်တုံးပိတ် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

## ကွန်ပျူတာလှူဒါန်း

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းများ ပညာရည်မြင့်မားရေးအတွက် မာတီမီဒီယာ စာသင်ခန်းများတွင် အသုံးပြုရန် ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ကျိုင်းတုံခရိုင်အတွင်းမှ အလှူရှင်များကိုယ်စား ကျိုင်းတုံခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းကလည်းကောင်း၊ တာချီလိတ်ခရိုင်အတွင်းမှ အလှူရှင်များကိုယ်စား တာချီလိတ်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးကလည်းကောင်း ကွန်ပျူတာများ အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က လက်ခံယူသည်။

ဆက်လက်၍ တိုင်းမှူးက လှူဒါန်းထားသော ကွန်ပျူတာများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကွန်ပျူတာများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ပထမအကြိမ်

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဒေသခံ အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၇၅ သိန်း တန်ဖိုးရှိ ကွန်ပျူတာ၂၇ လုံးနှင့် ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကို အခြေခံပညာကျောင်းများအတွက်ပထမအကြိမ်အဖြစ် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အခြေခံပညာကျောင်းများ ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာစာသင်ခန်းများတွင် အသုံးပြုရန် ကွန်ပျူတာများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့် လက်ခံယူစဉ်။** (သတင်းစဉ်)

# ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ အစည်းအဝေးတက်ရောက်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးကျင်လင်း၊ ဦးတင်ထွတ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်တင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



**ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၁၉-၉-၂၀၀၆ ရက် (အင်္ဂါနေ့)**

## နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၅ | ၆။ | အကပြိုင်ပွဲ |
| ၈:၁၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၂၀ | ၈။ | သင်ပုန်းရေလှောင်တမံ |
| ၈:၃၀ | ၉။ | International News |
| ၈:၄၅ | ၁၀။ | Let's Go |
| ၉:၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

## ညပိုင်း

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ] |
| ၁၆:၄၅ | ၄။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၀၀ | ၅။ | ခံစားနားဆင်တေးဇာတ်ဝင် |
| ၁၇:၁၀ | ၆။ | **"စည်းကမ်းလိုက်နာ ဆေးကင်းမှာ"** ကျော်ရဲအောင်၊ ချစ်သု၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး (ဝ/သ ရန်ကုန်)] |
| ၁၇:၂၀ | ၇။ | **၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅-၂၀) (အမျိုးသား)** |
| ၁၇:၃၀ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး"** (အပိုင်း-၁၀) |
| ၁၈:၅၀ | ၁၂။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၁၉:၀၅ | ၁၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခြင်းနှင့်အတူ"** (အပိုင်း-၂) |
| ၂၀:၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"** (အပိုင်း-၆) |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

# ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်ပုံစံများထုတ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံများကို စက်တင်ဘာ ၂၁ ရက်မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၅ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၃၁၄၇ နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တရုတ်-မြန်မာ ဓာတ်ပုံပြပွဲခင်းကျင်းပြသ

**ရန်ကုန် စက်တင်ဘာ ၁၈**

တရုတ်-အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဖက် ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက်အထိမ်းအမှတ် တရုတ်-မြန်မာ ဓာတ်ပုံပြပွဲ Dynamic Beijing & Scenic Beauty of Myanmar Photo Exhibition ကို စက်တင်ဘာ ၂၀ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ စစ်ဆေးရေးကော်မတီ၏ ပြပွဲပြသခွင့်ပြုသည့်လက်မှတ်ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှုသံမှူးထံ ပေးအပ်သည်။ **(ဓါပုံ)**

အဆိုပါပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဓာတ်ပုံပညာရှင်များ၏ လက်ရာ ၈၆ ပုံနှင့် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ၏ လက်ရာ ၂၃ ပုံတို့ကို ခင်းကျင်းပြသထားမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# NLD နှင့် ဒေါ်စုကြည်အနေဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးခြင်းမရှိဘဲ ပါတီနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း အ
# စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် အခြေခံမှုနှင့် အသေးစိတ် အခြေခံမူများ ချမှတ်

✡ ရှေ့ဖုံးမှ

အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်ကိုသိရှိရပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သောနိုင်ငံများတွင် လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်နေသည်ကို တွေ့ရပါသည်။

၃။ ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြင်းသည် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ကောင်စီအတွင်းတွင်ဆွေးနွေးရန် ခွင့်ပြုခြင်းသာဖြစ်ပါသည်။ မြန်မာနိုင်ငံအား အရေးယူရန်ခွင့်ပြုခဲ့ခြင်းမဟုတ်ပါ။ ထိုသို့ လုံခြုံရေးကောင်စီ၏အာဂျင်ဒါတွင် ထည့်သွင်းရန် မဲခွဲမှုအဆင့်၌ လုံခြုံရေးကောင်စီအဖွဲ့ဝင်(၁၅)နိုင်ငံအနက် (၉)နိုင်ငံကထောက်ခံလျှင် အတည်ဖြစ်ပါသည်။ ဤကိစ္စမျိုးတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဗီတိုအာဏာသုံး ကန့်ကွက်ပယ်ချခွင့်မရှိပါ။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် Resolution သည်သာလျှင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ဩဇာသက်ရောက်မှုရှိပါသည်။ သို့သော် လုံခြုံရေးကောင်စီတွင် နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက် Resolution ချမှတ်နိုင်ရန်မှ အမြဲတမ်း အဖွဲ့ဝင်ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင်လေးနိုင်ငံ စုစုပေါင်းအနည်းဆုံး ကိုးနိုင်ငံ၏ ထောက်ခံမှုကို ရရှိရန်လိုအပ်ပါသည်။ အကယ်၍ အမြဲတမ်းအဖွဲ့ဝင်တစ်နိုင်ငံက ကန့်ကွက်ခဲ့လျှင် ထိုဆုံးဖြတ်ချက်ကို အတည်မပြုနိုင်သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတစ်ခုက ကန့်ကွက်ပယ်ချခြင်းကို ဗီတိုအာဏာသုံးခြင်းဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြင်းကို မမှန်မကန်ဆောင်ရွက်သောလုပ်ရပ်အဖြစ် ရှုမြင်ကန့်ကွက်ခဲ့ကြသော မြန်မာနိုင်ငံ၏ မိတ်ဆွေအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် အနိုင်ကျင့်ဖိနှိပ်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ကြိုးစားမှုများကိုလည်း ဆက်လက်ကန့်ကွက်ပယ်ချသွားကြမည်သာဖြစ်ပါသည်။

၄။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်တွင် ကုလသမဂ္ဂကိုအသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန်ကြိုးစားလာသည်ကို တွေ့ရပါသည်။ လုံခြုံရေးကောင်စီတွင် မဲဆန္ဒပေးရာ၌ အမေရိကန်နိုင်ငံသည် အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံရေးအရ ဖိအားပေးခြင်း၊ စီးပွားရေးအရ အကျပ်ကိုင်ခြင်း၊ နိုင်ငံတကာအကူအညီများဖြင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့လိုအပ်သော ထောက်ခံမဲများရအောင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံနှင့် အစဉ်အလာအရချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုရှိခဲ့သော ဂျပန်နိုင်ငံသည်ပင်လျှင် မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင်ဆွေးနွေးရန်

ဒေါ်စုကြည်အား တားဆီးမိန့်ထုတ်ပြန်ထားရခြင်းမှာလည်း ဒေါ်စုကြည်သည် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသော မူဝါဒများကိုကိုင်စွဲပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ရပ်တန့်ပျက်ပြားအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးပျက်ပြားအောင်စသည့် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေသူဖြစ်သောကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ ဥပဒေနှင့်အညီသာ နေအိမ်တွင် တားဆီးမိန့် ထုတ်ပြန်ထိန်းသိမ်းခဲ့ရခြင်းဖြစ်။

အမေရိကန်နိုင်ငံ၏ ဆောင်ရွက်မှုများကို လက်မခံကြောင်း ထုတ်ပြန်ကြေညာခဲ့ရာမှ ယခုအခါတွင် အမေရိကန်၏ နိုင်ငံရေးဖိအားပေးမှုအောက်တွင် သဘောထားပြောင်းလဲသွားခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့ခဲ့ရပါသည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း၌ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပြီး ဖက်ဆစ်ဝါဒဆိုးဖြင့် အမျိုးမျိုးညှဉ်းပန်းနှိပ်စက် ရက်စက်ခဲ့သည်ကို မြန်မာပြည်သူများက အာဃာတမထားအမုန်းမပွားဘဲ စိတ်သဘောထားဖြူစင်စွာဖြင့် ခွင့်လွှတ်မေ့ဖျောက်ခဲ့မှုအပေါ် မထောက်ထား မငဲ့ကွက်သည့်လုပ်ရပ်ပင်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အာရှတိုက်သားအချင်းချင်း ရိုင်းပင်းကူညီရမည့်အစားမျက်နှာကြီးရာ ဟင်းဖတ်ပါသည့်လုပ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ အလားတူပင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေခြင်းမရှိဘဲ ပြည်တွင်းရေး ပြဿနာသက်သက်သာဖြစ်သည်ဟု ယုံကြည်နေသော အလှည့်ကျအဖွဲ့ဝင် နိုင်ငံအချို့သည်လည်း ဖိအားအမျိုးမျိုးအောက်တွင် သဘောထားပြောင်းလဲသွားခဲ့သည်ကို တွေ့ရပါသည်။ မိမိတို့အနေဖြင့် ထိုနိုင်ငံများ၏အခြေအနေကို စာနာနားလည် သဘောပေါက်သော်လည်း ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို နိုင်ငံကြီးတစ်ခု၏ အကျိုးစီးပွားအတွက် အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန် ကြိုးစားမှုမျိုးသည် ထိုနိုင်ငံများအပါအဝင် ကျန်နိုင်ငံများပေါ်တွင်လည်း အချိန်မရွေးကျရောက်လာနိုင်ကြောင်း သတိပေးလိုပါသည်။

၅။ အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီအလှည့်ကျအဖွဲ့ဝင်နိုင်ငံများထံမှ ထောက်ခံမှုများ ရရှိစေရန်အတွက် နိုင်ငံတကာအကူအညီများဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်မှာ မသင့်မလျော်သည့် လုပ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။ ထိုသို့ မသင့်မလျော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်၌ပြုလုပ်သည့် လေ့လာချက်စာတမ်းတစ်ခုတွင်လည်း ဆွေးနွေးဝေဖန်ထောက်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

၆။ ထိုကဲ့သို့ အမေရိကန်နိုင်ငံ၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွားဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကိုလည်း တွေ့ရပါသည်။ ထိုနိုင်ငံများ၏ ရပ်တည်ချက်အပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက အလေးအနက်ကျေးဇူးတင်ရှိကြောင်းကိုလည်း ဤနေရာတွင် တစ်ပါတည်းဖော်ပြလိုပါသည်။

၇။ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုအမျိုးမျိုးပြုလုပ်ပြီး လုံခြုံရေးကောင်စီတွင် တင်ပြရန် ကြိုးစားနေမှုများကို နိုင်ငံတကာကဆန့်ကျင်ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌကလည်း ဇူလိုင် ၁၀ ရက် နေ့စွဲဖြင့် ဘက်မလိုက်အဖွဲ့၏ကိုယ်စား လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏အရေးကိစ္စကို တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)နှင့် ဆန့်ကျင်နေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့် အစီအစဉ်အတွင်းသို့ ရောက်ရှိအောင် လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံကြီးတစ်နိုင်ငံက အတင်းဖိအားပေး ဆောင်ရွက်နေခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ကြောင်း စာရေးသား ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် စက်တင်ဘာ ၁၅ရက် လုံခြုံရေးကောင်စီဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံ၏ အခြေအနေကို သေချာစွာလေ့လာရန်လိုကြောင်း၊ လုံခြုံရေးကောင်စီသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများကိုသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ရာ လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့်အေအိုင်ဒီအက်စ်ကိစ္စများကို ဆွေးနွေးမည်ဆိုပါက ယင်းသို့သော အခြေအနေမျိုးရှိသည့် နိုင်ငံတိုင်းကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်း မရှိကြောင်း၊ ဒေသတွင်း နိုင်ငံတစ်ခု၏ လုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းခြင်းမဟုတ်ဘဲ ဝေးလံသည့်ဒေသမှ နိုင်ငံတစ်ခုက ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ပြောဆိုနေခြင်းသည် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်ကိုလည်းတွေ့ရပါသည်။ အလားတူပင် ကာတာနိုင်ငံကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုနေသည်ဟု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက မယူဆကြောင်း၊ မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် မလျော်ကန်ကြောင်း၊ သံတမန်ရေးရာလမ်းကြောင်းကိုပါ ပိတ်သွားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေး ကြိုးပမ်းမှုကို ကာတာနိုင်ငံအနေဖြင့် ပယ်ချကြောင်း ဆွေးနွေးခဲ့သည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂ၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းစီရင်မှုအာဏာအတွင်း ကျရောက်နေသော ကိစ္စများတွင် အဖွဲ့ကြီးက ဝင်ရောက်စွက်ဖက်ခြင်းပြုရန် အခွင့်အာဏာမရှိကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ၁၉၈၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်က အထွေထွေညီလာခံမှ အတည်ပြုခဲ့သည့် နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်း၌ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများကို မမှန်မကန်အသုံးချခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။

၈။ အမေရိကန်နိုင်ငံမှ တင်ပြခဲ့သည့် မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်စေသည်ဆိုသောအဆိုမှာ ကြောင်းကျိုးခိုင်လုံမှုမရှိဘဲ တစ်ဖက်သတ်စွပ်စွဲပြောဆိုမှုသာဖြစ်ကြောင်းကို မိမိတို့အနေဖြင့် အကြိမ်ကြိမ်ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုလည်း ထိုစွပ်စွဲချက်များကိုပင် အကျဉ်းအားဖြင့် ထပ်မံရှင်းလင်းချေပလိုပါသည်-

# ါတီနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း အကျိုးကိုသာ ဦးစားပေးခဲ့ခြင်းကြောင့် NLD အား ထပ်မံတွေ့ဆုံရန် အကြောင်းမရှိ
# းစိတ် အခြေခံမှုများ ချမှတ်နိုင်ရေး အမျိုးသားညီလာခံသည်သာ တွေ့ဆုံညှိနှိုင်းရန် အကောင်းဆုံးနေရာဖြစ်

(က) **နိုင်ငံရေးအကျဉ်းသားများဆိုသူများကို ဖမ်းဆီးထားရှိမှု။** အမေရိကန်နှင့်အပေါင်းပါများက မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားတစ်ထောင်ကျော်ကို ဖမ်းဆီးထားကြောင်း မမှန်မကန် စွပ်စွဲပြောကြားခဲ့ကြပါသည်။ **လက်တွေ့တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးထားသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ တည်ဆဲတရားဥပဒေတစ်ခုခုကို ချိုးဖောက်သောသူများ၊ ရာဇဝတ်သားများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေးတို့ကို ထိပါးနှောင့်ယှက်နေသော အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းထားမှုများသာရှိပါသည်။ မြန်မာနိုင်ငံသာမဟုတ်ဘဲ မည်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံမဆို မိမိနိုင်ငံ၏တရားဥပဒေကို ချိုးဖောက်သူများ၊ အကြမ်းဖက်သမားများကို ဥပဒေအရ အရေးယူမှုများပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ပြစ်မှုကျူးလွန်သူများကို နိုင်ငံရေးအကျဉ်းသားခေါင်းစဉ်အောက်သို့ ထည့်သွင်းခြင်းသည် အမှန်တရားကို မျက်ကွယ်ပြုရာရောက်သည့်အပြင် ရာဇဝတ်သားများ၊ အကြမ်းဖက်သမားများကို အကာအကွယ်ပေးရာရောက်နေပါသည်။** နိုင်ငံတော် အစိုးရအနေဖြင့် ဥပဒေဖောက်ဖျက်သူများကို နိုင်ငံရေးသမား၊ သာမန်ပြည်သူဟု ခွဲခြားမှုမပြုဘဲ တရားဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုအကျဉ်းသားများကို လွှတ်ပေးခြင်း၊ ဆက်လက်ထိန်းသိမ်းခြင်းတို့ကိုလည်း တရားရေးဆိုင်ရာ အဖွဲ့အစည်းများက ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ထို့အတူ ဒေါ်စုကြည်အား တားဆီးမိန့်ထုတ်ပြန်ထားရခြင်းမှာလည်း ဒေါ်စုကြည်သည် အမိန့်ဟူသမျှဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသော မူဝါဒများကိုကိုင်စွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြည်တွင်းတည်ငြိမ်မှု ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများရပ်တန့်ပျက်ပြားအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးပျက်ပြားအောင် စသည့် အဖျက်အမှောင့်လုပ်ငန်းများကို ဆောင်ရွက်နေသူဖြစ်သောကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ ဥပဒေနှင့်အညီသာ နေအိမ်တွင် တားဆီးမိန့်ထုတ်ပြန်ထိန်းသိမ်းခဲ့ရခြင်းဖြစ်ပါသည်။**

(ခ) **ဒုက္ခသည်ပြဿနာ။** ၁၉၉၂ခုနှစ်နောက်ပိုင်း နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော ဒုက္ခသည်များ၊ တိမ်းရှောင်နေသော ရွာသူ၊ ရွာသားများသည် မိမိတို့နေရပ်သို့ ပြန်လည်အခြေချနေထိုင်နေပြီဖြစ်ပါသည်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါသည်။ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သီးခြားဝန်ကြီးဌာနတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ **သို့ပါ၍ ယနေ့ တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းအမည်ခံနေရာများတွင် နေထိုင်သူများမှာ သောင်းကျန်းသူများနှင့် ၎င်းတို့၏ဆွေမျိုးသားချင်းများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော်ပြည်ပြေးအဖွဲ့များနှင့် ဆန့်ကျင်ဘက်အဖွဲ့များက ပြည်ပတွင် စီးပွားရေးအရ တရားမဝင်သွားရောက်နေထိုင် လုပ်ကိုင်နေသော အလုပ်သမားများကို ဒုက္ခသည်အဖြစ်ထည့်သွင်းဖော်ပြလျက်ရှိသည်ကို တွေ့ရပါသည်။** ထိုသူများမှာ ဒုက္ခသည်များမဟုတ်ဘဲ တရားမဝင်အလုပ်သမားများသာဖြစ်ပါသည်။ ထို့ကြောင့် ထိုအလုပ်သမားများကိစ္စကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားဝန်ကြီးဌာနက သက်ဆိုင်ရာနိုင်ငံနှင့်ဆွေးနွေးညှိနှိုင်း သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်ကာ စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

(ဂ) **မူးယစ်ဆေးဝါးပြဿနာ။** မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများကို (၁၅)နှစ်စီမံကိန်းချမှတ်ပြီး တိုက်ဖျက်လျက်ရှိသည်ကို ကုလသမဂ္ဂ၊ အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာက သိရှိပြီးဖြစ်ပါသည်။ **ထိုမူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း မြန်မာတစ်နိုင်ငံတည်းအနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စသည့်နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် ပူးတွဲပြုလုပ်သော တိုင်းတာချက်များအရလည်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။** မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၏ အောင်မြင်မှုများကို သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းဌာနများကို ဖိတ်ခေါ်ရှင်းလင်းပြသပြီး လက်တွေ့လေ့လာစေခြင်းများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါသည်။ ထိုအခမ်းအနားများတွင်လည်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို မည်သည့်အဖွဲ့အစည်းများက ကျူးလွန်နေကြသည်ဆိုသည်ကိုလည်း အထောက်အထားများဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။ ၂၆-၆-၂၀၀၆ ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့်အခမ်းအနားအထိ မီးရှို့ဖျက်ဆီးပြီးသော မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၄၈၀၉၉၇၁၀၇၇) ရှိခဲ့ပြီးဖြစ်ပါသည်။ ဤသည်ကို ထောက်ရှုပါက မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းတိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်း ထင်ရှားပါသည်။ ထို့ပြင် ကုလသမဂ္ဂ(UNODC)၏ ၂၀၀၅ခုနှစ် အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း (၆၀)ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဖော်ပြထားပါသည်။ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့ Counter Narcotics and Crime, CNC အဖွဲ့၏အစီရင်ခံစာတွင်လည်း ၁၉၉၆ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ဘိန်းစိုက်ပျိုးမှု (၈၀)ရာခိုင်နှုန်း ကျဆင်းသွားကြောင်းနှင့် ၂၀၀၄ ခုနှစ်တွင် ဘိန်းထုတ်လုပ်မှု (၈၈)ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားပါသည်။ ထို့ပြင်မြန်မာနိုင်ငံရှိ အနောက်အုပ်စုသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် နယ်စပ်ဒေသများသို့ ၎င်းတို့၏အစီအစဉ်ဖြင့် အကြိမ်ကြိမ်သွားရောက်၍ လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးပြဿနာကြောင့် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေသည်ဆိုသည့် အချက်မှာ ဖြောင်ကျကျလိမ်ညာစွပ်စွဲချက်သာဖြစ်ကြောင်း ထိုအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုယ်တိုင် သိရှိကြပြီးဖြစ်ပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

**စစ်အေးလွန်ခေတ် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာအရ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက်တွင် အမေရိကန်နိုင်ငံကို ယှဉ်ပြိုင်နိုင်မည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ မပေါ်ပေါက်နိုင်တော့သော်လည်း ဒေသဆိုင်ရာအဆင့်တွင် အမေရိကန်နိုင်ငံ၏အကျိုးစီးပွားကို စိန်ခေါ်နိုင်မည့် နိုင်ငံများ မပေါ်ပေါက်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားခဲ့ရာ ဒေသတွင်းအင်အားကြီးနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မြန်မာနိုင်ငံသည် အမေရိကန်တို့၏ အာရှတိုက်ဆိုင်ရာ မဟာဗျူဟာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ ထိုအချိန်တွင် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများ၌ မြန်မာနိုင်ငံတွင် မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်စွဲခွင့်မပြုဟုပါရှိရာ ထိုအချက်ကို အမေရိကန်က သဘောမကျပါ။ ထို့အတူ အသေးစိတ်အခြေခံရမည့်မူများတွင်လည်း တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားခံစားရသော အခွင့်အရေးများကို ခံစားခွင့်ရှိသူ၊ နိုင်ငံခြားအစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော နည်းဖြင့်သော်လည်းကောင်း အထောက်အပံ့ရယူသူများမှာ ရွေးချယ်ခံပိုင်ခွင့်မရှိဟု ပါဝင်ခဲ့ရာ ထိုအချက်များကိုလည်း အမေရိကန်နှင့် အပေါင်းပါ ပုဆိန်ရိုးများက သဘောမကျပါ။**

**နိုင်ငံရေး ပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များသာမက နိုင်ငံတော်၏ လူထုလူတန်းစား အသီးသီးကို အခြေခံသော အစုအဖွဲ့ ရှစ်ဖွဲ့ပါဝင်လျက် အမျိုးသားညီလာခံကို ကျင်းပနေပြီဖြစ်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက် ပိုမိုကျယ်ပြန့်ပြီး အမျိုးသား အကျိုးစီးပွားကို ပိုမိုကိုယ်စားပြု ဖော်ဆောင်နိုင်သည်မှာ ထင်ရှားနေ။**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ် ၁၈ ဖွဲ့ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခဲ့ နယ်စပ်ဒေသအားလုံးနီးပါး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေ

*စာမျက်နှာ ၉ မှ*

(ဃ) ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများဖြစ်ပွားမှု၊ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးစီမံချက်ကိုရေးဆွဲပြီး ကာကွယ်ခြင်း၊ ပညာပေးခြင်း၊ ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အင်န်ဂျီအိုများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ **ထိုရောဂါသုံးမျိုးတိုက်ဖျက်ရေးတွင် Global Fund အနေဖြင့် ရန်ပုံငွေအများဆုံးထည့်ဝင်နေသော အမေရိကန်နိုင်ငံ၏ နိုင်ငံရေးအရ ဖိအားပေးမှုကြောင့် ရုပ်သိမ်းသွားခဲ့သော်လည်း ထိုဆုံးဖြတ်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းက သဘောမတူသဖြင့် 3D Fund စီမံချက်အသစ်ဖြင့် ပြန်လည်အစားထိုးရန် ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။ ထိုစီမံချက်အသစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဥရောပသမဂ္ဂ၏ ကူညီဆောင်ရွက်မှုများကို နိုင်ငံတော်နှင့် ပြည်သူတို့က အထူးကျေးဇူးတင် အသိအမှတ်ပြုပြီး ထိုလုပ်ငန်းများ အောင်မြင်ရေးအတွက် အစွမ်းကုန် ကူညီပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော စာရင်းဇယားများကို လေ့လာပါက မြန်မာနိုင်ငံတွင် ထိုရောဂါသုံးမျိုးဖြစ်ပွားမှုမှာ လျော့ကျလာနေပြီး အချို့အိမ်နီးချင်းနိုင်ငံများထက် ဖြစ်ပွားနှုန်းလျော့နည်းနေသည်ကို လေ့လာတွေ့နိုင်ပါသည်။ အေအိုင်ဒီအက်စ်ဖြစ်ပွားမှုသည် နည်းရာမှ များရာသို့ ကူးစက်ပျံ့နှံ့ခြင်း မဟုတ်ဘဲ များရာမှ နည်းရာသို့သာ ကူးစက်ပျံ့နှံ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့သည်ဆိုခြင်းမှာ ကျိုးကြောင်းခိုင်လုံမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နေရာ မြန်မာနိုင်ငံတွင် ထိုရောဂါသုံးမျိုး ဖြစ်ပွားမှုနှုန်းမြင့်မားမှုကြောင့် ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ဒုက္ခပေးနိုင်သည်ဆိုသည့်အချက်မှာ ခိုင်လုံမှုမရှိသော ပုံကြီးချဲ့ပြောကြားမှုသာဖြစ်ကြောင်း ထင်ရှားနေပါသည်။

၉။ မြန်မာနိုင်ငံ၏အခြေအနေများသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေကို ထိခိုက်စေခြင်း ရှိ မရှိအား ဆန်းစစ်မည်ဆိုပါက **၁၉၈၈–၁၉၉၂ခုနှစ်တစ်ဝိုက်အထိ မြန်မာနိုင်ငံနယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူအဖွဲ့အမျိုးမျိုးသည် အခိုင်အမာစခန်းကြီးများ တည်ဆောက်ကာ မြန်မာနိုင်ငံမှ သယံဇာတပစ္စည်းများခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ထိုလုပ်ငန်းများမှ ရရှိသည့်ငွေများဖြင့် မှောင်ခိုလက်နက်များ ဝယ်ယူအသုံးပြုခြင်းတို့ကို ထုထည်ကြီးမားစွာဖြင့် ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံတော်အနေဖြင့် ထိုအချိန်က နယ်စပ်ဒေသများကို စိုးမိုးနိုင်ခြင်းမရှိသောကြောင့် ထိုဒေသများတွင် လက်နက်နှင့် မူးယစ်ဆေးဝါး မှောင်ခိုဈေးကွက်များ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပါသည်။ ထိုစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း တပ်မအဆင့် တိုက်ပွဲကြီးများ၊ အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူဖြင့် တိုက်ခိုက်ရသောတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသည်။ ယခုအချိန်၌ မြန်မာနိုင်ငံအတွင်းတွင် သောင်းကျန်းသူများ၏အခိုင်အမာစခန်းကြီးများ တစ်ခုမျှမရှိတော့ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး(၁၇)ဖွဲ့နှင့် အဖွဲ့ငယ်(၁၈)ဖွဲ့မှာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး လက်ကျန်သောင်းကျန်းသူအဖွဲ့သုံးဖွဲ့မှာလည်း တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းဟုဆိုသော နေရာများတွင်သာ အခြေပြုနေထိုင်ပြီး လှုပ်ရှားမှုအနည်းငယ်သာ ဆောင်ရွက်နိုင်ပါသည်။ ယခုအခါ နယ်စပ်ဒေသအားလုံးနီးပါးတွင် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများ ရရှိနေပြီဖြစ်ပါသည်။ အဆိုပါ ၁၉၈၈–၁၉၉၂ခုနှစ်တစ်ဝိုက်ရှိ အခြေအနေများ၌ပင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေသည်ဟု စွပ်စွဲခဲ့ခြင်းမရှိဘဲ ယခုကဲ့သို့ ထိုစဉ်ကထက် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများ အဆမတန် သာလွန်နေသော အခြေအနေမျိုးတွင်မှ စွပ်စွဲပြောဆိုခြင်းသည် ကျိုးကြောင်းခိုင်လုံမှု လုံးဝမရှိကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရေးသည် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စမဟုတ်ဘဲ လုံခြုံရေးကောင်စီကိုအသုံးချ၍ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည်သာ မြန်မာနိုင်ငံတွင်ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်စေမည့် ခြိမ်းခြောက်မှု အမှန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

၁၀။ အထက်ပါအချက်များကိုထောက်ရှုပါက အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် လုံခြုံရေးကောင်စီသို့ တင်ပြရန်လိုအပ်သည်ဟု ကြိုတင်ဆုံးဖြတ်ပြီးမှ ထိုအချက်ကို အထောက်အကူပြုနိုင်မည့် အချက်အလက်များကို ရှာဖွေခဲ့ကြောင်း၊ ထိုရည်ရွယ်ချက်ကို အထောက်အကူပြုမည့် လုပ်ကြံသတင်းအချက်အလက်များကို ပြည်တွင်းပြည်ပ ပုဆိန်ရိုးများထံမှ ရယူခဲ့ကြောင်း၊ ထိုပုဆိန်ရိုးအဖွဲ့အစည်းများကလည်း သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ လုပ်ကြံသတင်းများကို အမေရိကန်တို့အလိုကျ ပုံသွင်းပေးပို့ခဲ့ကြောင်း ထင်ရှားနေပြီဖြစ်ပါသည်။

**၁၁။ ထိုသို့ဆိုလျှင် အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံငယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံ၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် မည်သည့်အတွက်ကြောင့် အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို ဆန်းစစ်ရန် လိုအပ်လာပါသည်။ စစ်အေးတိုက်ပွဲကာလကပင် အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှဒေသသို့ ကွန်မြူနစ်ဝါဒပြန့်ပွားမှုကို ဟန့်တားနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ခြေကုပ်စခန်းများချထားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုမူဝါဒ၏ အကျိုးဆက်အဖြစ် အမေရိကန်လက်ဝေခံ ပြည်ပတပ်များ ရှမ်းပြည်နယ်တွင် ဝင်ရောက်အခြေချသိမ်းပိုက်ခဲ့ခြင်း၊ ရှမ်းပြည်နယ်ကို သီးခြားနိုင်ငံအဖြစ် ထူထောင်ပြီး အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့(ဆီတိုး)သို့ဝင်ရောက်ရန် ကြိုးစားစေခြင်းစသော ပြည်ထောင်စုကြီးကို ပြိုကွဲအောင် ကြံစည်ကြိုးစားလုပ်ဆောင်မှုများ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကာလတွင်လည်း တစ်ဖက်က လူမျိုးရေးအခြေခံ လက်ယာဝါဒီသောင်းကျန်းသူများကို အကူအညီပေးသကဲ့သို့ ဆိုရှယ်လစ်အစိုးရကိုလည်း စီးပွားရေး၊ စစ်ရေးအကူအညီများပေးပြီး မြန်မာပိုင်နက်နယ်မြေအတွင်း အခြေစိုက်စခန်းများ ထားရှိခွင့်ရအောင် ကြိုးစားလုပ်ဆောင်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။**

၁၂။ သို့သော် ထိုကြိုးစားမှုများမှာ အောင်မြင်မှုမရှိခဲ့သောကြောင့် ၁၉၈၈ခုနှစ် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားချိန်မှစ၍ မြန်မာနိုင်ငံ၌ ၎င်းတို့အလိုကျ အစိုးရတစ်ရပ် ပေါ်ပေါက်လာအောင် ထပ်မံကြိုးစားလုပ်ဆောင်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် ပြည်ပစွက်ဖက်မှုကို လက်မခံဘဲ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေးကို မိမိစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ အမေရိကန်နိုင်ငံအနေဖြင့် ထိုအခြေအနေကို လုံးဝလက်မခံနိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ **စစ်အေးလွန်ခေတ် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာအရ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက်တွင် အမေရိကန်နိုင်ငံကို ယှဉ်ပြိုင်နိုင်မည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ မပေါ်ပေါက်နိုင်တော့သော်လည်း ဒေသဆိုင်ရာအဆင့်တွင် အမေရိကန်နိုင်ငံ၏အကျိုးစီးပွားကို စိန်ခေါ်နိုင်မည့်နိုင်ငံများ မပေါ်ပေါက်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားခဲ့ရာ ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မြန်မာနိုင်ငံသည် အမေရိကန်တို့၏ အာရှတိုက်ဆိုင်ရာ မဟာဗျူဟာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ ထိုအချိန်တွင် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများ၌ မြန်မာနိုင်ငံတွင် မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်စွဲခွင့်မပြုဟုပါရှိရာ ထိုအချက်ကို အမေရိကန်က သဘောမကျပါ။ ထို့အတူ အသေးစိတ်အခြေခံရမည့်မူ များတွင်လည်း တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားခံစားရသော အခွင့်အရေးများကို ခံစားခွင့်ရှိသူ၊ နိုင်ငံခြားအစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း အထောက်အပံ့ ရယူသူများမှာ ရွေးချယ်ခံပိုင်ခွင့်မရှိဟု ပါဝင်ခဲ့ရာ ထိုအချက်များကိုလည်း အမေရိကန်နှင့် အပေါင်းပါ ပုဆိန်ရိုးများက သဘောမကျပါ။**

၁၃။ ထို့ကြောင့်ပင် အမေရိကန်နိုင်ငံနှင့် ပြည်တွင်း၊ ပြည်ပရှိ ဆန့်ကျင်ဘက် ပုဆိန်ရိုးအဖွဲ့အစည်း **များသည် ထိုအခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအပေါ်တွင် အခြေခံရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်မလာမီ မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျအစိုးရတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် နည်းမျိုးစုံဖြင့် ပြည်တွင်း၊ ပြည်ပဟန်ချက်ညီ ချိန်ကိုက်ဆောင်ရွက်လျက် ရှိနေခြင်းဖြစ်ပါသည်။**

*စာမျက်နှာ ၁၁ ကော်လံ ၁*

***စာမျက်နှာ ၁၀ မှ***

၁၄။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အမေရိကန်နိုင်ငံတို့က ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အရ လွှတ်တော်ခေါ်ပေးရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးနှင့် NLDပါတီနှင့် တွေ့ဆုံဆွေးနွေးရေးတို့ကိုပင် အစဉ်တစိုက်တောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအချက်များနှင့် ပတ်သက်သည့် **နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏သဘောထားများကို ယခင်က အကြိမ်ကြိမ်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ယခုအကြိမ်တွင်လည်း ထိုစဉ်ကသဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲ ရပ်တည်နေကြောင်း ထပ်မံဖော်ပြလိုပါသည်-**

(က) NLDပါတီအနေဖြင့် လွှတ်တော်ခေါ်ယူပေးရန်အတွက် တောင်းဆိုနိုင်ခွင့်ရှိ၊ မရှိ ဆန်းစစ်ရန်လိုအပ်မည်ဖြစ်ပါသည်။ **၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ(၄၈၅)ခု၌ ရွေးကောက်ပွဲပြုလုပ်ခဲ့ရာ NLD ပါတီသည် (၃၉၂)နေရာ အနိုင်ရရှိခဲ့ပါသည်။ ထိုသို့ အနိုင်ရရှိခဲ့ခြင်းမှာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူအများစုက NLD၏မူဝါဒကို ကြိုက်နှစ်သက်လွန်း၍မဟုတ်ဘဲ ထိုစဉ်က လမ်းစဉ်ပါတီအစိုးရ၏ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားကို မဆောင်ကြဉ်းပေးနိုင်သည့် အားနည်းချက်များအပေါ် ခံစားချက်နှင့်ပြောင်းလဲမှုကို လိုလားသည့် သဘောထားဖြင့် NLD အား မဲပေးခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် နောက်ပိုင်းကာလတစ်လျှောက်၌ NLD ၏ ပြည်ပအားကိုးသည့်လုပ်ရပ်၊ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားထက် ပုဂ္ဂိုလ်ရေးနှင့် ပါတီရေးကိုသာ ရှေးရှုသည့်လုပ်ရပ်၊ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် သွေဖည်ပြီးထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလုပ်ရပ်အမှားများကို တွေ့မြင်သိရှိလာသဖြင့် မဲဆန္ဒနယ်မြေ(၄၈)ခုမှ မဲဆန္ဒရှင်**

# နိုင်ငံတော်နှင့် ပြည်သူတို့က ပြည်တွင်းပြည်ပအဖျက်သမားများအား မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်

**ပြည်သူများက ၁၉၉၀ ပြည့်နှစ်၌ ၎င်းတို့ဆန္ဒပေးအရွေးမှားခဲ့သော NLDရွေးချယ်ခံ ကိုယ်စားလှယ်များအား ၁၉၉၈ ခုနှစ်၌ လူထုအစည်းအဝေးပွဲကြီးများကျင်းပကာ ပြန်လည်ဖြုတ်ချခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ပြန်လည်ဖြုတ်ချခဲ့ရာတွင် မူလကပေးခဲ့သည့် မဲအရေအတွက်ထက် ပြန်လည်ဖြုတ်ချသည့် မဲအရေအတွက်က ပိုမိုသာလွန်များပြားနေကြောင်း တွေ့ရှိရပါသည်။** ဥပမာ-မန္တလေးတိုင်း တောင်သာ(၂)မှ ဦးသန်းထွန်းအား ယခင်က (၃၀၀၇၄)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၅၆၄၉၆)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ စစ်ကိုင်းတိုင်း မြင်းမူ(၂)မှ ဦးဘာဘာအား ယခင်က (၁၆၄၇၇)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၂၃၃၀၄)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ မွန်ပြည်နယ် မော်လမြိုင်(၁)မှ ဦးလွန်းတင်အား ယခင်က (၃၉၆၂၄)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၆၆၀၁၂)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ မကွေးတိုင်း နတ်မောက်(၁)မှ ဦးဗိုထွေးအား ယခင်က (၂၅၈၀၆)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၅၄၀၈၄)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ ပဲခူးတိုင်း တောင်ငူ(၂)မှ ဦးညွန့်ဝေအား ယခင်က (၂၀၄၀၁)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၃၄၃၈၄)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း(၁)မှ ဦးလှဖေအား ယခင်က (၂၄၉၆၀)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၆၆၇၉၉)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ ရန်ကုန်တိုင်း သုံးခွ(၁)မှ ဦးလွင်အား ယခင်က(၁၈၁၈၉)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၃၃၆၉၂)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါမဲဆန္ဒနယ်မြေ(၄၈)ခုမှ NLD ကိုယ်စားလှယ်များ စုစုပေါင်းရရှိခဲ့သော ထောက်ခံမဲအရေအတွက်မှာ (၁၁၃၄၇၂၄)မဲဖြစ်ပြီး ၎င်း NLD ကိုယ်စားလှယ်များအား မလိုလားတော့သဖြင့် ပြန်လည်ဖြုတ်ချသည့် မဲအရေအတွက်မှာ (၂၂၈၆၉၄၅)မဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ **ယခုအချိန်အခါတွင် ထိုသို့အရွေးခံရသော ကိုယ်စားလှယ်များအနက် တစ်သီးပုဂ္ဂလအဖြစ်ပြောင်းလဲသူ(၃၄)ဦး၊ သေဆုံးသူ(၃၉)ဦး၊ နုတ်ထွက်သူ(၉၂)ဦး၊ အရည်အချင်းပျက်ယွင်းသူ(၁၄၄)ဦးရှိသဖြင့် NLDကိုယ်စားလှယ် စုစုပေါင်း(၈၃)ဦးသာ ကျန်ရှိသည်ကို တွေ့ရပါသည်။ တစ်သီးပုဂ္ဂလနှင့် အခြားပါတီများမှ ကိုယ်စားလှယ်များပါဝင်ပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၂၄)ဦးသာ ကျန်ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် NLDကိုယ်စားလှယ်များသည် ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်း၏ (၁၇ ဒသမ ၁၁)ရာခိုင်နှုန်း၊ လက်ကျန် ကိုယ်စားလှယ် စုစုပေါင်း၏အရေအတွက်မှာ ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်း၏ (၂၅ ဒသမ ၅၇)ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတကာ အခြေခံဥပဒေများကိုလေ့လာပါက လွှတ်တော်အစည်းအဝေးခေါ်ယူရန်အတွက် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံမှ တောင်းဆိုရန်လိုအပ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွှတ်တော်ခေါ်ယူရန်အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ (၃၄)ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီမှ လွှတ်တော်အစည်းအဝေးကို အမြန်ဆုံးခေါ်ယူပေးရမည်ဟု သတ်မှတ်ထားခဲ့ပါသည်။ ထို့ကြောင့် NLD အမတ် (၈၃)ဦး၏ လွှတ်တော်ခေါ်ပေးရန်တောင်းဆိုမှုမှာ နိုင်ငံတကာစံများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကယ်၍ နိုင်ငံတော်အစိုးရက လွှတ်တော်အစည်းအဝေးကို ခေါ်ယူပေးသည့်တိုင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏(၂၅ ဒသမ ၅၇)ရာခိုင်နှုန်းသာတက်ရောက်သည့် လွှတ်တော်အစည်းအဝေးသည် အစည်းအဝေး အထမမြောက်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်နိုင်သောအချက်အလက်များကိုကိုင်စွဲပြီး တောင်းဆိုနေခြင်းသည် နိုင်ငံတော်အစိုးရကို ဖိအားပေးအကျပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းသာဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လက်ခံရန် အကြောင်းမရှိသည်မှာ ထင်ရှားနေပြီးဖြစ်ပါသည်။** ထို့ပြင် ၁၉၉၀ပြည့်နှစ်က မြန်မာနိုင်ငံတွင် လူဦးရေ(၄၂)သန်းခန့်ရှိခဲ့ပြီး မဲပေးနိုင်သူ သန်း(၂၀)ကျော်သာ ရှိခဲ့ပါသည်။ ယခုအချိန်တွင် လူဦးရေမှာ (၅၅)သန်းကျော်ရှိလာပြီး မဲပေးနိုင်သူ(၂၇)သန်းခန့်ရှိနေပြီဖြစ်သောကြောင့် မဲဆန္ဒရှင် ခြောက်သန်းကျော် တိုးတက်လာခဲ့ပြီဖြစ်ပါသည်။ ထို့ပြင် ပြည်သူများ၏ အသိပညာဗဟုသုတ မြင့်မားလာမှုကြောင့် ပြည်တွင်းရေးရာ၊ နိုင်ငံတကာရေးရာများကို ပိုမိုလေ့လာသိရှိပြီး အမှား၊ အမှန်ကို ခွဲခြားဆန်းစစ်နိုင်မှုလည်း မြင့်မားလာပြီဖြစ်ပါသည်။ **တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများသည်လည်း လက်ရှိအခြေအနေတွင် ၁၉၉၀ ပြည့်နှစ်ထက် များစွာတိုးတက်ပြောင်းလဲနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ဆက်လက်ဆုပ်ကိုင်ထားခြင်းသည် တိုးပွားလာသော မဲဆန္ဒရှင်ပြည်သူများနှင့် အတွေ့အကြုံမြင့်မားရင့်ကျက်လာသော ပြည်သူများ၏သဘောထားကို လျစ်လျူရှုရာ ရောက်နေပါသည်။**

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးရေးနှင့်ပတ်သက်၍လည်း **ယနေ့ကျင်းပသောအမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စားလှယ်များသာမက နိုင်ငံတော်၏ လူထုလူတန်းစားအသီးသီးကို အခြေခံသော အစုအဖွဲ့ရှစ်ဖွဲ့ပါဝင်လျက် အမျိုးသားညီလာခံကို ကျင်းပနေပြီဖြစ်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက် ပိုမိုကျယ်ပြန့်ပြီး အမျိုးသားရေးအကျိုးစီးပွားကို ပိုမိုကိုယ်စားပြုဖော်ဆောင်နိုင်သည်မှာ ထင်ရှားနေပါသည်။** ထို့အပြင် ကိုယ်စားလှယ်အစုအဖွဲ့များကို လေ့လာပါကလည်း အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေးတို့နှင့်ပတ်သက်၍လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့နှင့်ပတ်သက်၍လည်းကောင်း ကျွမ်းကျင်နှံ့စပ်သော၊ အတွေ့အကြုံ၊ ဗဟုသုတကြွယ်ဝသော ကိုယ်စားလှယ်များ အများအပြားပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုကျင်းပနေသော အမျိုးသားညီလာခံသည် NLDတောင်းဆိုနေသော သုံးပွင့်ဆိုင်ဆွေးနွေးမှုထက် ပိုမိုကျယ်ပြန့်ပြီး ပြည်သူအများစု၏ အကျိုးစီးပွားကို ကိုယ်စားပြုကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် **အမျိုးသားညီလာခံပြင်ပတွင် ကျဉ်းမြောင်းသည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန် ဆိုသည့်အချက်ကို တိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံနိုင်မည်မဟုတ်သည်မှာ ထင်ရှားနေပါသည်။**

(ဂ) NLDပါတီနှင့် တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍လည်း NLDသည် ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အမျိုးသားညီလာခံများတွင် ပါဝင်ဆွေးနွေးခဲ့ပြီးမှ အနောက်ဆရာကြီးများနှင့် ဒေါ်စုကြည်၏ ညွှန်ကြားချက်အရ အမျိုးသားညီလာခံမှ ၎င်းတို့၏သဘောအတိုင်း ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၄ ခုနှစ် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရန် စီစဉ်ချိန်တွင် ညီလာခံမှ ၎င်းတို့ဆန္ဒအလျောက် ထွက်ခွာသွားခဲ့သော NLD ပါတီကို ပြန်လည်ဖိတ်ခေါ်ခဲ့ပါသည်။ ထို့အပြင် ညီလာခံတက်ရောက်ရေးနှင့်ပတ်သက်ပြီး NLD၏ တောင်းဆိုချက်များကိုလည်း လိုက်လျောဖြည့်ဆည်းပေးခဲ့ပါသည်။ သို့တိုင်အောင် NLD ပါတီက ညီလာခံတက်ရောက်ရန် ငြင်းဆန်ခဲ့ပါသည်။ တက်ရောက်ခြင်းမပြုခဲ့ပါ။ အလားတူပင် **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရန်အတွက် ဒေါ်စုကြည်အား နိုင်ငံတော်အကြီးအကဲက လေးကြိမ်၊ ဝန်ကြီးအဆင့်တာဝန်ရှိသူများအဖွဲ့က အကြိမ် ၂၀ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံဆွေးနွေးပြီးနောက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရန်အတွက် NLD နှင့် ဒေါ်စုကြည်အား လက်တွေ့အခွင့်အလမ်းများ အကြိမ်ကြိမ်ပေးခဲ့ပြီးလည်းဖြစ်ပါသည်။ သို့သော် NLD နှင့် ဒေါ်စုကြည်အနေဖြင့် အမျိုးသားအကျိုးစီးပွားကိုဦးစားပေးခြင်းမရှိဘဲ ပါတီနှင့်ပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေးကိုသာ ဦးစားပေးခဲ့သဖြင့် ရလဒ်ကောင်းများပေါ်ထွက်လာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိပါ။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောအခြေခံမှုနှင့် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရန်မှာ အမျိုးသားညီလာခံသည်သာ အကောင်းဆုံးသော ဆွေးနွေးညှိနှိုင်းနိုင်သည့်နေရာဟု ယုံကြည်ပါသည်။ သို့ပါ၍ အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပဆောင်ရွက်သွားမည် ဖြစ်ပါသည်။**

ထို့အပြင် မိမိနိုင်ငံ၏ ပြည်တွင်းရေးကို လုံခြုံရေးကောင်စီက ဝင်ရောက်ဖြေရှင်းမှသာ ပြေလည်နိုင်မည်ဟု မျှော်လင့်နေသူများသည် နိုင်ငံတကာအခြေအနေများကို လေ့လာမှုမရှိဘဲ မိမိတို့ပြည်သူများ၏ စွမ်းအားကို အထင်သေးနေသူများဖြစ်သည်မှာ ထင်ရှားနေပါသည်။ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ပါဝင်ခြင်းသည် အချေအတင်ဆွေးနွေးသည့်အဆင့်သာဖြစ်ပါသည်။ ထိုဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏မိတ်ဆွေနိုင်ငံများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကိုနားလည်သော နိုင်ငံများ၊ အင်အားကြီးနိုင်ငံများ၏ ကုလသမဂ္ဂအား ကြိုးကိုင်အသုံးချရန် ကြိုးစားမှုများကို ဆန့်ကျင်သောနိုင်ငံများ စသည့် နိုင်ငံများက မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲဖိနှိပ်ရန် ကြိုးစားမှုများကို ဆက်လက်ဆန့်ကျင်သွားကြမည်သာ ဖြစ်ပါသည်။

၁၅။ ထို့ပြင် ၂၀၀၅ ခုနှစ်တွင် လုံခြုံရေးကောင်စီသည် နိုင်ငံ (၁၈)နိုင်ငံနှင့်ပတ်သက်၍ (၅၇)ကြိမ် ဆွေးနွေးဆုံးဖြတ်ချက် Resolution ချခဲ့ပြီး ၂၀၀၆ ခုနှစ်အတွင်းတွင်လည်း နိုင်ငံပေါင်း ၁၅ နိုင်ငံနှင့် ပတ်သက်၍ (၄၆)ကြိမ် ဆွေးနွေးဆုံးဖြတ်ချက် Resolution ချခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ထိုနိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်မူတည်ပြီး လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ခြင်းများရှိသကဲ့သို့ လိုက်နာမှုမရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီသည် ၁၉၆၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်ဇူလိုင်လအထိ ဆုံးဖြတ်ချက်ပေါင်း ၁၇၃ ခုချမှတ်ခဲ့သော်လည်း နိုင်ငံတစ်နိုင်ငံသည် ထိုဆုံးဖြတ်ချက်များအနက် အချို့ဆုံးဖြတ်ချက်များကို ယနေ့အချိန်အထိ လိုက်နာအကောင်အထည်ဖော်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

၁၆။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုလိုလားသည့်အတိုင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကိုလည်းကောင်း အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လိုက်နာကျင့်သုံးမည့်မူဝါဒများအဖြစ် ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်တို့ဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်မည့် အဆင့်များကို ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့်လည်းကောင်း ခိုင်ခိုင်မာမာ တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။ ထို့အပြင် **အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ယခင်ကနှင့်မတူဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပိုမိုရရှိစေမည့် အခြေခံမှုများ၊ အသေးစိတ် အခြေခံရမည့်မှုများကို ချမှတ်ထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့အရေးယူမှုများကြောင့် ထိုမူဝါဒလမ်းစဉ်များကို ပြောင်းလဲကျင့်သုံးလိမ့်မည်မဟုတ်ပါ။** နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်း ထိပါးခံလိမ့်မည်မဟုတ်ပါ။ ထို့အတူ ပြည်ပနိုင်ငံများ၏ ဖိအားပေး၊ အကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော်၏ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်ပြားစေရန်နှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန် ကြိုးစားလာသော ပြည်တွင်းပြည်ပ အဖျက်သမားများကိုလည်း နိုင်ငံတော်နှင့်ပြည်သူတို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း အလေးအနက် ဖော်ပြလိုက်ပါသည်။

**(သတင်းစဉ်)**

# အသက်(၁၇)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မိတ္ထီလာမြို့များ၌ ကျင်းပမည်

သတင်းဆောင်းပါး – ကိုထွေး

ရန်ကုန် စက်တင်ဘာ ၁၈

**အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၁)ကြိမ်မြောက် အသက်(၁၇)နှစ်အောက် ပြည်နယ်နှင့်တိုင်း လူငယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှစတင်၍ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မိတ္ထီလာမြို့များ၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပမည်ဖြစ်သည်။**

## မန္တလေးဇုန်

မန္တလေးဇုန် အုပ်စု(က)ပွဲစဉ်များကို မန္တလေးမြို့ အောင်မြေမန္တလာအားကစားပြိုင်ကွင်း၌ စက်တင်ဘာ ၂၃ ရက်မှ စတင်၍ ကျင်းပမည်ဖြစ်သည်။ အုပ်စု(က)တွင် မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းတို့ပါဝင်ကြသည်။ စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ပွဲဦးထွက်အဖြစ် မန္တလေးတိုင်းအသင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ယှဉ်ပြိုင်ကစား

အုပ်စု(က)ပွဲစဉ်များရေးဆွဲထားရာ စက်တင်ဘာ၂၄ရက်တွင် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းနှင့် စစ်ကိုင်းတိုင်းအသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ပြင်ဦးလွင်ဇုန်

ပြင်ဦးလွင်ဇုန် အုပ်စု(ခ)ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ပြင်ဦးလွင်မြို့ ခရိုင်အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု(ခ)တွင် ရန်ကုန်တိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ပါဝင်ကြသည်။

အုပ်စု(ခ)ပွဲစဉ်များ ရေးဆွဲထားရာ စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်တိုင်းအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၇ ရက် တွင် ရန်ကုန်တိုင်းအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်တိုင်းအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

## ကျောက်ဆည်ဇုန်

ကျောက်ဆည်ဇုန် အုပ်စု(ဂ)ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်မှ စတင်၍ ကျောက်ဆည်မြို့ ခရိုင်အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု(ဂ)တွင် ဧရာဝတီတိုင်း၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းနှင့် မကွေးတိုင်းတို့ပါဝင်ကြသည်။

အုပ်စု(ဂ)ပွဲစဉ်များ ရေးဆွဲထားရာ စက်တင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်းအသင်းနှင့် မကွေးတိုင်း အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းအသင်း၊ စက်တင်ဘာ ၂၇ရက်တွင် ဧရာဝတီတိုင်းအသင်းနှင့် တနင်္သာရီတိုင်းအသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် မကွေးတိုင်းအသင်းနှင့် ကယားပြည်နယ်အသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် တနင်္သာရီတိုင်းအသင်းနှင့် မကွေးတိုင်းအသင်း၊ အောက်တိုဘာ ၁ ရက်တွင် ဧရာဝတီတိုင်းအသင်း နှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

## မိတ္ထီလာဇုန်

မိတ္ထီလာဇုန် အုပ်စု(ဃ)ပွဲစဉ်များကို စက်တင်ဘာ ၂၄ ရက်မှ စတင်၍ မိတ္ထီလာမြို့ ခရိုင်အားကစားပြိုင်ကွင်း၌ကျင်းပမည်ဖြစ်သည်။ အုပ်စု(ဃ)တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ ပါဝင်ကြသည်။

အုပ်စု(ဃ)တွင် ပွဲစဉ်များရေးဆွဲထားရာ စက်တင်ဘာ ၂၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ပဲခူးတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းနှင့် ပဲခူးတိုင်းအသင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ကချင်ပြည်နယ်အသင်း နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသင်း၊ အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

## ဒုတိယအဆင့်

အုပ်စုတစ်စုစီမှ အုပ်စုပထမနှင့် အုပ်စုဒုတိယရရှိသော အသင်းများသည် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မန္တလေးမြို့ အောင်မြေမန္တလာ အားကစားပြိုင်ကွင်းနှင့် မန်းတောင်အားကစားပြိုင်ကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

## ကျင်းပသွားမည်

အုပ်စုပထမရရှိသော လေးသင်းအား ကြိုတင်နေရာချထားပြီး အုပ်စုဒုတိယရရှိသော အသင်းများအား မဲနှိုက်၍ နေရာချထားပေးကာ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်ရေးဆွဲမည် ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို အောက်တိုဘာ ၇ ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း အောင်မြေမန္တလာ အားကစားပြိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး–နှစ်ဂိုး ဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)ဧရာဝတီတိုင်းအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ) နမခအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန် (မန္တလေး) ဗထူးအားကစားကွင်း၌ကျင်းပသောပြိုင်ပွဲတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (င)အုပ်စု တပခဇုန်(တောင်ငူ) တပခ အားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မ ဌာနချုပ်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသား(အကြီးတန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီက မြန်မာ့မီးရထား ဘောလုံးကွင်း(အင်းစိန်)၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အတွင်းရေးမှူး ဦးအောင်ကိုလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မြင့်ဆွေ၊ မြို့နယ်အားကစားအရာရှိ ဦးသိန်းထိုက်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ပြိုင်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ**(ယာပုံ)**က ဘောလုံးကန်၍ ဖွင့်လှစ်ပေးပြီး နံ့သာကုန်းရပ်ကွက်နှင့် မြို့သစ် (က+ခ)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ၂၂ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(က–ပ)**





မဏ္ဍိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရော၁၁ လမ်း ည/၄၀ နေ ဦးသိန်းလွင်–ဒေါ်ခင်ဌေးရီ၊ သား မောင်အောင်ခန့်ဇော်၊ သမီး မထက်ထက်အောင်၊ မရည်ရွယ်အောင် မိသားစုက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း အမှတ် ၄၂ (ပ)ထပ် ဦးမျိုးသန့်နေအိမ်၌ လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းကို အမှူးဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင် ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

# မဲခေါင်ဒေသ( ယူ– ၂၀ )ဘောလုံးပြိုင်ပွဲ ထိုင်းက ပထမ၊ မြန်မာက ဒုတိယရရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည့် မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ရာ ထိုင်းလူငယ်အသင်း ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲတွင် သုံးသင်းပါဝင်ယှဉ်ပြိုင်ရာ မြန်မာလူငယ်အသင်းက ထိုင်းလူငယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ လာအိုလူငယ်အသင်းက မြန်မာလူငယ်အသင်းကို တစ်ဂိုး–ဂိုးမရှိ၊ ထိုင်းလူငယ်အသင်းက လာအိုလူငယ်အသင်းကို ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

မြန်မာလူငယ်၊ ထိုင်းလူငယ်နှင့် လာအိုလူငယ်တို့သည် တစ်ပွဲစီနိုင်၊ တစ်ပွဲစီရှုံး ရမှတ် သုံးမှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ ထိုင်းလူငယ်အသင်းက ပထမ၊ မြန်မာလူငယ်အသင်းက ဒုတိယရရှိခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရဲချုပ်တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ မကွေးတိုင်းမိုးလုံလေလုံအားကစားရုံ၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၃၅)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ ရက်က မကွေးတိုင်း မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ရဲချုပ်ကိုယ်စား အဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။ ပြိုင်ပွဲသို့ ပြည်နယ်၊ တိုင်းရဲတပ်ဖွဲ့နှင့် ရဲတပ်ရင်း တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်က လျှပ်စစ်စွမ်းအားကို ဂိုးပြတ်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက လျှပ်စစ်စွမ်းအားအသင်းကို ကိုးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန် အသင်းအတွက် အသင်းခေါင်းဆောင် စိုးမြတ်မင်းက ငါးဂိုး၊ သိန်းထွန်းဝင်း၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုးနှင့် စိုးလင်းထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။

## ယနေ့ပွဲ

စက်တင်ဘာ ၁၉ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# နယ်လှည့်တရားပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း အောက်ကျင်းရပ် ရွှေသင်းနယ်လှည့် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ သုန္ဒရဓမ္မသည် (တော်သလင်းလကွယ်နေ့) စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ဇာသပြင် ဓမ္မာရုံနှင့် (သီတင်းကျွတ်လဆန်း ၈ ရက်) စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီ၌ ဇေယျာသီရိကျောင်းတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# ကမ္ဘာတစ်လွှား၊ အားကစား

## မန်ယူက အာဆင်နယ်ကို အိမ်ကွင်း၌ရှုံးပွဲကြုံမှုအပေါ် အာစင်ဝင်းဂါးနှင့်ဖာဂူဆန်တို့ ရင်ဖွင့်စကားပြောကြား

လန်ဒန် စက်တင်ဘာ ၁၈

**ပရီမီယာလိဂ်ပွဲစဉ်(၅)၌ မန်ယူတို့ အိမ်ကွင်း၌ မမျှော်လင့်ဘဲ အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ မန်ယူအတွက် ယခုနှစ် ပရီမီယာလိဂ်၌ ပထမဆုံးရှုံးပွဲနှင့်ကြုံတွေ့ခဲ့ရပြီး အာဆင်နယ်အတွက်လည်း ပထမဆုံးနိုင်ပွဲဖြစ်ကာ အဖိုးတန် သုံးမှတ် ရရှိခဲ့သည်။**



**စုစည်းတင်ပြသူ**

**မောင်မောင်မြင့်ဆွေ**

**အရှုံးရင်ဆိုင်ရသူမန်ချက်စတာယူနိုက်တက် နည်းပြ ဖာဂူဆန်**

**အနိုင်ရခဲ့သူ အာဆင်နယ် နည်းပြ အာစင်ဝင်းဂါး**

မန်ယူတိုက်စစ်မှူးများဖြစ်သည့် ရွန်နေ၊ ဆာဟာ၊ စီရိုနယ်ဒိုတို့က အာဆင်နယ် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သော်လည်း ဆန္ဒစောနေမှုကြောင့် အပိုင်ဂိုးသွင်းမှုများ လက်လွှတ်ဆုံးရှုံးခဲ့ရသလို အာဆင်နယ်ဂိုးသမား လေးမန်း၏ အစွမ်းပြ ကာကွယ်နိုင်မှုနှင့် ကံတရား၏ ဖေးမမှု တို့ကြောင့်လည်း မန်ယူတို့ တစ်ဂိုးမျှ မသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။



စီရိုနယ်ဒို၏ကန်သွင်းချက်၊ ဆာဟာ၏ ခေါင်းတိုက်ချက်နှင့် ဆိုးလ်ရှား၏ အပိုင်ကန်သွင်းချက်များကို အာဆင်နယ် ဂိုးသမား လေးမန်း ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၈၆မိနစ်တွင် အာဆင်နယ် တိုက်စစ်မှူး အဒီဘာယောက သွင်းယူခဲ့သဖြင့် ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

### ပွဲအပြီး အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးပြောစကား

"ဘယ်အသင်းက ပိုကောင်းတယ်ဆိုတာ အဆုံးအဖြတ်ပေးလိုက်တာပဲ၊ ဒီနေ့ပွဲကစားရတာ ခက်ခဲတယ်၊ ကျွန်တော့်ကစားသမားတွေ အများကြီး အားစိုက်ခဲ့ရတယ်။ ဒီနေ့ပွဲနိုင်တဲ့အတွက် အာဆင်နယ်ဟာ ပရီမီယာလိဂ်မှာစိတ်ဓာတ်ပိုမြင့်တက်ခဲ့ပြီး ပြိုင်ဘက်အားလုံးကို စိန်ခေါ်နိုင်တဲ့ အနေအထား ရှိနေတယ်ဆိုတာ ပြသလိုက်တာပါပဲ။

ဒီနေ့ပွဲမှာ ဘောလုံးအထိန်းအသိမ်းကောင်းကောင်းနဲ့ ကစားနိုင်ခဲ့လို့ အခွင့်အရေးကောင်းတွေရရှိခဲ့တယ်။ မန်ယူကစားသမားတွေ ကြိုးစားကြပါတယ်။ ပွဲတိုင်းမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖို့တော့လိုတယ်။"

### မန်ယူနည်းပြ ဖာဂူဆန်

"ကျွန်တော်တို့ ကံမကောင်းခဲ့ဘူး၊ အပိုင်ကန်သွင်းခွင့်တွေမှာ ဂိုးရသင့်ပေမယ့် မရခဲ့ဘူး။ တကယ်ဆိုရင် အနည်းဆုံး သုံးဂိုးလောက်ပြတ်ရမှာပါ။ အာဆင်နယ်ကစားတာ ကောင်းတယ်၊ ကွင်းလယ်ကစားအားကောင်းလာတယ်၊ မန်ယူအတွက် ဒီပွဲဟာ သင်ခန်းစာ အများကြီးရပါတယ်၊ ဒါပေမယ့် ဒီပွဲဟာ မရှုံးသင့်တဲ့ပွဲပါ။"

မန်ယူနည်းပြ ဖာဂူဆန်သည် နည်းပြအဖြစ်မှ နုတ်ထွက်ရန် ဖိအားပေးတောင်းဆိုမှုများရှိနေသည်နှင့် ပတ်သက်၍လည်း "မန်ယူတွင် နောက်ထပ် အနည်းဆုံး နှစ်နှစ်လောက်အထိ နည်းပြအဖြစ် လုပ်ဦးမည်ဖြစ်ကြောင်း" ဖာဂူဆန်က ပြောကြားသွားသည်။

**(အင်တာနက်)**

## အနိုင်ရတာပဲလိုချင်တဲ့ မော်ရင်ဟို

**လန်ဒန် စက်တင်ဘာ ၁၈**

ပရီမီယာလိဂ်ပွဲစဉ် (၅)၌ ချယ်လ်ဆီးက လီဗာပူးကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ သုံးမှတ်အပြည့် ရယူသွားခဲ့သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုနှင့် လီဗာပူးနည်းပြ ဘင်နီတက်ဇ်တို့လည်း ပွဲအပြီး တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ခဲ့ကြသည်။



**လီဗာပူးနည်းပြ ဘင်နီတက်ဇ်**

ထိုပွဲ၌ ချယ်လ်ဆီးမှ မိုက်ကယ်ဘောလက် အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

ထိုနေ့ပွဲနှင့်ပတ်သက်၍ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက "ချယ်လ်ဆီးအသင်းဟာ တောင့်တင်းခိုင်မာတဲ့ အသင်းမို့ ဒီပွဲအနိုင်ရမယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော်က ချယ်လ်ဆီးအသင်း အနိုင်ရတာပဲ လိုချင်တယ်။ လီဗာပူးနဲ့ကစားတဲ့ပွဲမှာ ကျွန်တော့်လူတွေကစားတာ ကောင်းတယ်။ အနိုင်ရလိုစိတ်နဲ့ အင်တိုက်အားတိုက် ကစားခဲ့ကြတာပါ။ တကယ်လဲ တစ်သင်းလုံး ကြိုးစားခဲ့ကြတယ်။ ဂိုးတွေလဲ အများကြီး ရသင့်တဲ့ပွဲပါပဲ။ ဘောလက် အနီကတ် ပြခံရတာလဲ ထိုက်သင့်တဲ့ ပြစ်ဒဏ်ပါပဲ"ဟု ပြောကြားသည်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်နှင့် လက်ဆွဲနှုတ်ဆက်ခဲ့မှုနှင့်ပတ်သက်၍လည်း "ဘင်နီတက်ဇ်ကို ကျွန်တော် လေးစားပါတယ်။ သူဟာ တကယ့်လူတော်တစ်ဦးပါ။ သူလဲကျွန်တော့်ကို လေးစားမှုရှိပါတယ် "ဟု မော်ရင်ဟိုက ပြောကြားသွားသည်။

ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည့် လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်ကလည်း-

"ဒီပွဲမှာ ချယ်လ်ဆီးကစားတာ ကောင်းတယ်။ လီဗာပူးအတွက် အခွင့်အရေးသိပ်မရခဲ့ပါဘူး။ ၁၀ဦးတည်းရှိတဲ့ချယ်လ်ဆီးကို ကျွန်တော့်လူတွေ ချေပဂိုးတောင် မသွင်းနိုင်တာကတော့ ဘဝင်မကျစရာပါ။ လီဗာပူးကို ပြုပြင်မှုတွေလုပ်ပြီး အကောင်းဆုံးဖြစ်အောင် တည်ဆောက်ရမယ်။ ကျွန်တော်တို့ကွင်းမှာ ကစားတဲ့အခါ အကြွေးဆပ်နိုင်မှာပါ"ဟု ပြောကြားခဲ့သည်။



**ချယ်လ်ဆီးနည်းပြ မော်ရင်ဟို**

**(အင်တာနက်)**

## အီတလီစီးရီးအေဘောလုံးပွဲများယှဉ်ပြိုင် ရိုးမားနှင့်ပါလာမို နိုင်ပွဲများဖြင့် ခရီးဆက်

**မြင့်မောင်စိုး**

စုစည်းတင်ပြသည်

**ရောမ စက်တင်ဘာ ၁၈**

အီတလီစီးရီးအေ ဘောလုံးပွဲစဉ်(၂)ပြိုင်ပွဲများကို စက်တင်ဘာ ၁၇ရက် ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားတို့ အဝေးကွင်း၌ နိုင်ပွဲဆက်ခဲ့သည်။



**ရိုးမား အသင်းမှ မန်စီနီ(ယာ)နှင့် ဆီနာမှ ဘာတော့တိုအား လှည့်ယူ ဆွဲပြေးရန် ဤသို့ ကြိုးစားခဲ့သည်။**

(ဓာတ်ပုံ - အင်တာနက်)

### ဆီနာ-ရိုးမား

ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ရိုးမားအသင်းသည် ဆီနာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် နိုင်လိုက်သည်။

### အနီကတ်

ပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ထိုးဖောက်ကစားရာ ဆီနာအသင်းမှ ဘာရီဇီသည် ပွဲချိန် ၂၇မိနစ်တွင် အနီကတ်ရပြီး ထွက်သွားရသည်။

ဆီနာ၏ အားနည်းချက်ကို အခွင့်ကောင်းယူ၍ ရိုးမားတို့ ဖိကစားလာသည်။ သို့ရာတွင် ပထမပိုင်းပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲရှိသည်။

### ဖွေဆော်ဦးဂိုး

ဒုတိယပိုင်း ပြန်စပြီး ပွဲချိန်၄၇မိနစ်တွင် တက်ဒီက ရိုးမားအသင်းအတွက် ဖွေဆော်ဦးဂိုး သွင်းယူခဲ့သည်။ ဆီနာတို့ လူအင်အားမမျှ၍ ခံစစ်ဖြင့် ကစားနေရသည်။ ပွဲချိန် မိနစ်၇၀တွင် ပီဇာရိုက ရိုးမားအသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့ပြန်သည်။

### ပွဲသိမ်းဂိုး

သို့သော်လည်း ဆီနာမှ ဖရစ်က ပွဲချိန် ၈၇မိနစ်တွင် ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် အိုကာကာချူကာက ရိုးမားအသင်းအတွက် တတိယမြောက်နှင့် ပွဲသိမ်းဂိုး သွင်းယူခဲ့သည်။

### အူဒီးနိစ်-တိုရီနို

အူဒီးနိစ်အသင်းသည် အိမ်ကွင်း၌ တန်းတက်အသင်း တိုရီနိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ အူဒီးနိစ်အသင်းအတွက် ဖွေဆော်ဦးဂိုးကို နာကာလီက ပွဲချိန် ၂၅မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

### အကြိတ်အနယ်ကြိုးစား

တန်းတက်အသင်း တိုရီနိုတို့ ချေပဂိုးသွင်းယူရန် အကြိတ်အနယ် ကြိုးစားသော်လည်း ပထမပိုင်းပြီးသည်အထိ ဂိုးပြန်သွင်းနိုင်ချေ မရှိခဲ့ပေ။

ပွဲချိန် ၆၅မိနစ်တွင် ဘရာဇီးကစားသမား ဖီလစ်က အူဒီးနိစ်အသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။

### လာဇီယို-ပါလာမို

ယူအီးအက်ဖ်အေ ပြိုင်ပွဲဝင်ခွင့်ရ ပါလာမိုအသင်းသည် အဝေးကွင်း၌ လာဇီယိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ပါလာမိုအသင်းအတွက် အနိုင်ဂိုးများကို ၃၈မိနစ်အတွင်း တိုက်စစ်မှူး ဒီမစ်ချယ်လီက နှစ်ဂိုးစလုံးသွင်းယူပေးနိုင်ခဲ့သည်။

အီတလီစီးရီးအေပွဲစဉ်(၂)အပြီး ပါလာမိုနှင့်ရိုးမားတို့သည် နှစ်ပွဲဆက်တိုက် အနိုင်ရရှိထားကြသည်။

### အခြားပွဲစဉ်ရလဒ်များ

| | | |
|---|---|---|
| **လီဗော်နို** | **၁-၀** | **ဖီအိုရင်တီးနား** |
| **အက်စ်ကိုလီ** | **၁-၁** | **မက်ဆီနာ** |
| **ကာတန်နီယာ** | **၀-၀** | **အတ္တလန္တာ** |
| **အမ်ပိုလီ** | **၁-၁** | **ချီယေဗို။** |

(အင်တာနက်)

## ပရီမီယာလိဂ် ပွဲစဉ်(၅)အပြီး ထိပ်ပိုင်း ၁၅ သင်း၏ ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁။ | ပို့စ်မောက် | ၅ | ၄ | ၁ | ၀ | ၉ | ၀ | ၁၃ |
| ၂။ | မန်ယူ | ၅ | ၄ | ၀ | ၁ | ၁၁ | ၃ | ၁၂ |
| ၃။ | ချယ်လ်ဆီး | ၅ | ၄ | ၀ | ၁ | ၉ | ၃ | ၁၂ |
| ၄။ | အဲဗာတန် | ၅ | ၃ | ၂ | ၀ | ၁၀ | ၄ | ၁၁ |
| ၅။ | အက်စ်တွန်ဗီလာ | ၅ | ၂ | ၃ | ၀ | ၆ | ၃ | ၉ |
| ၆။ | ရီးဒင်း | ၅ | ၃ | ၀ | ၂ | ၇ | ၆ | ၉ |
| ၇။ | ဘော်လ်တန် | ၅ | ၂ | ၂ | ၁ | ၄ | ၃ | ၈ |
| ၈။ | ဖူလ်ဟမ် | ၅ | ၂ | ၂ | ၁ | ၅ | ၇ | ၈ |
| ၉။ | နယူးကာဆယ် | ၄ | ၂ | ၀ | ၂ | ၅ | ၅ | ၆ |
| ၁၀။ | အာဆင်နယ် | ၄ | ၁ | ၂ | ၁ | ၃ | ၃ | ၅ |
| ၁၁။ | ဝက်စ်ဟမ်း | ၅ | ၁ | ၂ | ၂ | ၆ | ၇ | ၅ |
| ၁၂။ | ဘလက်ဘန်း | ၅ | ၁ | ၂ | ၂ | ၅ | ၈ | ၅ |
| ၁၃။ | မစ်ဒယ်ဘရော့ | ၅ | ၁ | ၂ | ၂ | ၅ | ၉ | ၅ |
| ၁၄။ | ဝီဂန် | ၄ | ၁ | ၁ | ၂ | ၄ | ၅ | ၄ |
| ၁၅။ | လီဗာပူး | ၄ | ၁ | ၁ | ၂ | ၃ | ၆ | ၄ |

**(အင်တာနက်)**

19-9 (13) 1 9/19/06, 2:56 AM



နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် စက်တင်ဘာ ၁၀ ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမော်က အပင်များ ပျိုးထောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

# အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ မေတ္တာရှင်ပညာရည်မြှင့်တင်ရေး ကော်မတီက အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်လစဉ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ စေတနာရှင် အလှူရှင်များက ဆေးတက္ကသိုလ် ၈၄ဦး၊ စက်မှုတက္ကသိုလ်သုံးဦး၊ B.Tech ငါးဦး၊ ကွန်ပျူတာကောလိပ်သုံးဦး၊ သွားဘက်ဆိုင်ရာတက္ကသိုလ် လေးဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တစ်ဦး၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်သုံးဦး၊ တိုင်းရင်းဆေးတက္ကသိုလ်နှစ်ဦး၊ တပ်မတော်ဆေးတက္ကသိုလ်နှစ်ဦး၊ တပ်မတော် နည်းပညာတက္ကသိုလ်တစ်ဦး၊ ဆရာမသုံးဦး၊ ပညာရေးတက္ကသိုလ်တစ်ဦး၊ ပညာရေးကောလိပ်သုံးဦး စုစုပေါင်း ၁၁၅ ဦးအတွက် ငွေကျပ် ၁၂၆၁၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

# သာယာဝတီခရိုင်တွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကဏ္ဍအလိုက်ဆုရသူများအား ဆုပေးအပ်ချီးမြှင့်

**သာယာဝတီ စက်တင်ဘာ ၆**

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက ဆရာစံခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဆုပေးအပ်**

ဆက်လက်၍ ၂၀၀၅ခုနှစ် (၁၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့် ရွှေတံဆိပ်ဆုရသူ ဝါသနာရှင်အဆင့် ဒိုးပတ်အဖွဲ့ပြိုင်ပွဲ ပထမဆုရ သာယာဝတီမြို့နယ်မှ ပတ္တမြားကုလားအဖွဲ့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) ဒုံမင်းပြိုင်ပွဲ ပထမဆုရ လက်ပံတန်းမြို့နယ်မှ ဦးစိန်ဝင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ယှဉ်ပြိုင်**

ယင်းနောက် သာယာဝတီခရိုင် ရှစ်မြို့နယ်မှ အခြေခံအဆင့် ၅၆ဦး၊ ဝါသနာရှင်အဆင့် ၃၃ဦးနှင့် ပညာရှင်အဆင့် ၁၈ဦးတို့က ကဏ္ဍအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုပေးပွဲအခမ်းအနားနှင့် ပိတ်ပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က ဆက်လက်ကျင်းပရာ ကဏ္ဍအသီးသီးမှ ပထမဆု ၄၂ဦး၊ ဒုတိယဆု ၂၂ဦး၊ တတိယဆု ၂၂ဦးတို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ အဖွဲ့ဝင်(၁) ဦးကျော်ခိုင်စိုးနှင့် ရှစ်မြို့နယ် ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ဩဂုတ် ၂၇ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)



ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် စက်တင်ဘာ ၁ ရက်က မြောင်းမြမြို့ အဝေးပြေးလမ်းမ တစ်လျှောက်လမ်းဘေး ဝဲယာတွင် မြေယာရှုခင်း အလှ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

# မြို့နယ်သတင်းများ

# ကျောက်မဲမြို့ ဗဟိုဈေးသမဝါယမအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

**ကျောက်မဲ စက်တင်ဘာ ၉**

ကျောက်မဲမြို့ ဗဟိုဈေးသမဝါယမအသင်းလီမိတက် အသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက် ၁၀နာရီက ကျောက်မဲ ဗဟိုဈေးခန်းမဆောင်တွင်ကျင်းပရာ သဘာပတိ သမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုကြည်တို့က အမှာစကားများပြောကြားကြပြီး နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူးဦးစန်းမြင့်ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဦးညီညီလွင်ကလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ စံပြအသင်းသားဆုရ ဒေါ်နန်းခမ်းဆာအား လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက ဂုဏ်ပြုဆုလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အသင်းသူ၊ အသင်းသားများ၏ရင်သွေး ကျောင်းသူ၊ ကျောင်းသားများအား ဗလာစာအုပ်နှင့် ဘောပင်များကို အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**



မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် အိုင်အိုဒင်းဆား အရည်အသွေးရောင်းချမှုကို စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောမှုကို စက်တင်ဘာ ၈ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ငွေးဦးနှင့် ကျန်းမာရေးမှူး ဦးမျိုးခင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

# ခရိုင်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေး

**မိုင်းဖြတ် စက်တင်ဘာ ၆**

မိုင်းဖြတ်ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၂၈ရက်က ခရိုင်အသင်းရုံး၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များ စုံညီစွာတက်ရောက်ကြပြီး တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်အတွင်းရေးမှူး ဦးထွန်းရွှေ၊ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းညွှန့်ဝင်းနှင့် မြို့နယ်အတွင်းရေးမှူး ဦးစိုင်းရီတစ်တို့က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆောင်ရွက်ချက်များ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အသင်းစည်းရုံးရေးလုပ်ငန်းများ စသည်တို့ကို ရှင်းလင်းဆွေးနွေးဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**



ရေဦးမြို့ မြို့မဈေးကြီးအတွင်းရှိ ကုန်စုံဆိုင်များတွင် ရောင်းချသော အိုင်အိုဒင်းဆားများအရည်အသွေးကို စက်တင်ဘာ ၇ ရက်က မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှုဆောင်အရာရှိ ဦးငွေးကိုနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

# ဝန်ထမ်းအိမ်ရာဝင်း ရေစက်ရုံစစ်ဆေး

**တောင်ငူ စက်တင်ဘာ ၁**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ရေသိုလှောင်ကန်နှင့် ရေစက်ရုံတို့အား ဩဂုတ် ၁၀ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးငွေးညွန့်တို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ် စည်ပင်)**



ဂွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ် ၃၁ ရက်က ဂွ-သံတွဲမြို့ဝင်ဆိုင်းဘုတ်အနီး၌ ရေတမာပင်၊ ရွက်လှပင်နှင့် ပန်းအိပင်များကို မြို့သာယာလှပစေရေးအတွက် စိုက်ပျိုးထားစဉ်။ (မြို့နယ်စည်ပင်)

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအား လုံခြုံရေးကောင်စီက အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့် ဆန့်ကျင်သည်ဟု ရပ်တည်

## လက်ရှိအစိုးရကို ပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် ကြိုးပမ်းမှုများကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ပယ်ချ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ အဆိုပါ ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ (၅၇) ဦးတို့ အပါအဝင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် (၁၁၈) နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဘက်မလိုက်ထိပ်သီးညီလာခံက အပြီးသတ်ကြေညာစာတမ်း (Final Document)နှင့် ဘက်မလိုက်လှုပ်ရှားမှုကြီး၏ အခြေခံမူများနှင့် အခန်းကဏ္ဍ(Purpose and Principles and the Role of the Non-Aligned Movement)ဆိုင်ရာ ကြေညာစာတမ်းတို့ကို ထုတ်ပြန်ခဲ့ရာ အပြီးသတ်ကြေညာစာတမ်းတွင် မြန်မာနိုင်ငံက ဦးဆောင်ဦးရွက်ပြု၍ မူဝါဒဆိုင်ရာကဏ္ဍပိုင်း၌လည်းကောင်း၊ လုံခြုံရေးကောင်စီဆိုင်ရာ ကဏ္ဍပိုင်း၌လည်းကောင်း စာပိုဒ်နှစ်ပိုဒ် ထည့်သွင်းနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါတွင် တင်သွင်းခြင်းသည် လုံခြုံရေးကောင်စီက ၎င်း၏လုပ်ပိုင်ခွင့်ဘောင်မှ ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံက အဆိုပြုတင်သွင်းသည့်စာပိုဒ်တွင် **"လုံခြုံရေးကောင်စီက အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ပိုင်ခွင့်များအား ဝင်ရောက်စွက်ဖက်လုပ်ကိုင်ခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က စိုးရိမ်မကင်းဖြစ်ကြောင်း"**ဟူသော စာပိုဒ်ကို ထိပ်သီးညီလာခံကြေညာစာတမ်းတွင် အောက်ပါအတိုင်းဖော်ပြခဲ့သည်-

*စာမျက်နှာ ၃ ကော်လံ ၁* ●

## အမျိုးသားအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ ကျင်းပ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးပြားများဝေငှ

**နေပြည်တော် စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၆ ခုနှစ် အမျိုးသားအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကလေးငယ်များအား ဗီတာမင်ဆေးပြားများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်ဆေးပြားများ ဝေငှပေးပြီး အိုင်အိုဒင်းဆားများ အရည်အသွေးစစ်ဆေးမှုကို ကြည့်ရှုအားပေး၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

*စာမျက်နှာ ၂ ကော်လံ ၆* ■



**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၂၀၀၆ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားတွင် ထူးချွန်ဆုရကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**



## သိပ်သည်းဆနည်းသည့် ဂြိုဟ်သစ်တစ်လုံး နက္ခတ္တဗေဒပညာရှင်များတွေ့ရှိ

လန်ဒန် စက်တင်ဘာ ၁၈

**နက္ခတ္တဗေဒပညာရှင်များအနေဖြင့် ဂြိုဟ်တစ်လုံး၏လိုအပ်သော ဂုဏ်သတ္တိများကား မည်သို့ရှိရမည်ကို စဉ်းစားသွားစေလောက်အောင် ထူးဆန်းသောဂြိုဟ်တစ်လုံးကို တွေ့ရှိထားသည်။**

<u>လှည့်ပတ်လျက်ရှိ</u>

အိတ်ချ်အေတီ-ပီ-၁ ဟု အမည်ပေးသည့် ယင်းဂြိုဟ်သည် "လာဆာတာ" တာရာစုအတွင်း အလင်းနှစ် သန်း ၄၅၀ဝေးသည့် ကြယ်နှစ်လုံးအနက် ကြယ်တစ်လုံးကို လှည့်ပတ်လျက်ရှိသည်ဟုဆို၏။

**အိတ်ချ်အေတီ- ပီ-၁ ဂြိုဟ်၏ အချင်းဝက်သည် ကြာသပတေးဂြိုဟ်၏ အချင်းဝက်ထက် ၁ ဒသမ ၃၈ ဆခန့် ရှိသော်လည်း သိပ်သည်းမှုနည်းပါးသည့်အတွက် လုံးခဲမည်ဆိုလျှင် ကြာသပတေးဂြိုဟ်၏ ထက်ဝက်ခန့်သာ ပမာဏရှိနိုင်မည်ဆို၏။**

**ယင်းဂြိုဟ်သည် ရေသိပ်သည်းဆ၏ လေးပုံတစ်ပုံခန့်သာ သိပ်သည်းဆ ရှိသည့်အတွက် အလုံအလောက်ချဲ့ထားပြီး ရေပုံးကြီးထဲတွင် ထည့်ထားလျှင် ရေပေါ်၌ပေါ်ပြီး မျောနေမည်ဖြစ်ကြောင်း ဟားဗတ်စမစ်ဆိုးနီးယန်း နက္ခတ္တရူပဗေဒဌာနမှ ပညာရှင် ဂက်စပါဘာကော့စ်က ပြောဆိုသည်။ ယင်းဂြိုဟ်သည် နေစကြဝဠာအပြင်ဘက်မှ စူးစမ်းရသမျှ ဂြိုဟ်၂၀၀ခန့်အနက် အကြီးဆုံးဖြစ်သည်ဟုဆိုသည်။** (ကိုးကား- အင်တာနက်)